အရိယ သစ္စာန ဒဿနံ ဇတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၁၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၇

၂၀၀၆ခုနှစ် ဩဂုတ် ၁၇ရက်၌ ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မဒမ်မယ်ဂါဝတီ ဆိုကာနိုပူထရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၇

၂၀၀၆ခုနှစ် ဩဂုတ် ၁၇ရက်၌ ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာ ဟမ်ဇာဟဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး **Mr. Yaacov Avrahamy** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမတွင် လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အစ္စရေးနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး Mr. Yaacov Avrahamy အား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဩဂုတ် ၁၆ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၆) တွင် ပုဂ္ဂလိကနိုင်ငံသား ရတနာကုန်သည် တစ်ဦး တင်ပြထားသည့် အလေးချိန် ၅၁၁ ဒသမ ၀၀ ကရက်၊ အခြေခံဈေး ငွေကျပ်သိန်းပေါင်း ၁၅၀၀ တန်ဖိုးရှိ မိုးကုတ်ရတနာမြေမှ ထွက်ရှိသော လုံးချောနီလာကျောက်မျက်ကို တွေ့ရစဉ်။

(သတင်းအကျယ်-၈)

(သတင်းစဉ်)

မြန်မာ့အလင်း

သတင်းဆောင်းပါး အညွှန်း

❖ အစားထိုးလောင်စာများအနေနဲ့ ဒီဇယ်ဆီအစားသုံးစွဲနိုင်တဲ့ ဆီထွက်သီးနှံပေါင်း မြောက်မြားစွာ ရှိပါတယ်။ မှတ်သားဖွယ်ကောင်းတာတစ်ခုကတော့ ဒီဆီထွက်သီးနှံတွေဟာ နေရောင်ခြည်ကတိုက်ရိုက်ရတဲ့ စွမ်းအင်တွေကို သိုမှီးထားတာဖြစ်ပါတယ်။ ရေနံစိမ်းစတဲ့ ရုပ်ကြွင်းလောင်စာ (**Fossil Oil**)ရရှိဖို့ နှစ်သန်းပေါင်းရာနှင့်ချီပြီး ကြာမြင့်ပေမယ့် ဆီထွက်သီးနှံတွေကိုတော့ လအနည်းငယ်အတွင်းမှာ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းပါပဲ။

မောင်ဖြူ(စွမ်းအင်)၏ "ရေနံအစားထိုးလောင်စာနှင့် အနာဂတ်အလားအလာ" ဆောင်းပါး (စာ-၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

ဖန်တီးပေးထားသည့်အခွင့်အလမ်းများကိုအသုံးချ သီးနှံအထွက်တိုးအောင် အားထုတ်ကြိုးစားလုပ်ကိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရက ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပေးလျက်ရှိသည့်နည်းတူ အထွက်တိုး မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးနည်းပညာများ စသည်တို့ကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုနေသည့် တောင်သူလယ်သမားများသည် နိုင်ငံတော်၏ အားပေးပံ့ပိုးကူညီမှုကိုရယူပြီး ဈေးကွက်ဝင် (အမယ်သစ်) အမည်သစ် သီးနှံများကို တိုးမြှင့်စိုက်ပျိုး၍ နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ် ၁၄ ရက်က မကွေးတိုင်း တောင်တွင်းကြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင်–

"တောင်တွင်းကြီးမြို့နယ် အပါအဝင် မကွေးတိုင်းအတွင်းမှ တောင်သူလယ်သမားကြီးများအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေမည့် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မလျှော့သောလုံ့လဖြင့် အားထုတ်ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် မကွေးတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်စေရမည်ဆိုသည့် မြင့်မားသည့် မျှော်မှန်းချက်ထားရှိပြီး ပြည်တွင်းဆီစားသုံးမှု၏ ၅၀ရာခိုင်နှုန်းကို မကွေးတိုင်းက ဖြည့်ဆည်းပေးနိုင်စေရန်လိုအပ်သည့် ပံ့ပိုးအားပေးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

သက်ဆိုင်ရာမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူလယ်သမားကြီးများကလည်း နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးထားသည့် အကျိုးရလဒ်ကောင်းများ၊ အခွင့်အလမ်းကောင်းများကို ထိရောက် အကျိုးရှိစွာအသုံးချပြီး မိမိတို့ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းသည်ထက် ပိုမိုတိုးတက် အောင်မြင်ဖြစ်ထွန်းစေရန် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ကြရန်လိုသည်။

တောင်သူလယ်သမားများက ဒေသဝမ်းစာဖူလုံပြည့်စုံရေးကို ရည်မှန်းချက်အတိုင်း စနစ်တကျ စီမံကြိုးပမ်းဆောင်ရွက်ပြီး မိမိတို့ဒေသအတွင်း အောင်မြင်ဖြစ်ထွန်းနေသည့် ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန်လိုအပ်ပေသည်။

ပြည်တွင်း၌ စားသုံးဆီဖူလုံပြည့်စုံသည်နှင့်အမျှ ပြည်ပမှစားသုံးဆီ ဝယ်ယူတင်သွင်းနေရမှုကို လျှော့ချနိုင်ကာ ပိုလျှံလာသော နိုင်ငံခြားငွေဖြင့် စက်မှုနိုင်ငံတော်ကြီးထူထောင်ရေးအတွက် အထောက်အကူပြုနိုင်သော စက်ပစ္စည်းကိရိယာများ၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ရေး အထောက်အကူပြုနိုင်သော မြစ်ကူးတံတားကြီးများ၊ ရထားစက်ခေါင်းတွဲကြီးများစသည့် နိုင်ငံ့အကျိုးပြုပစ္စည်းကိရိယာများ တိုးတက်တင်သွင်းလာနိုင်မည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိနေသော တောင်သူလယ်သမားများသည် နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသည့် အခွင့်အလမ်းကောင်းများအား ထိထိရောက်ရောက်အသုံးချ၍ သီးနှံတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများကို မလျှော့သောဇွဲလုံ့လဖြင့် အားထုတ်ကြိုးစား လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ်လှူဒါန်း

ဩဂုတ် ၁၆ ရက်က မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် သီလဝိသောဓနီသိမ်တော်ကြီး ပြန်လည်ပြုပြင် တည်ဆောက်ရန်အတွက် ကျပ်ငွေနှစ်သိန်းကိုဒေါ်ကျင်ရီ(မဟုန်စတိုး)မိသားစုက ဂေါပကအဖွဲ့ဝင် ဦးတင်လှထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ခေတ်မီစိုက်ပျိုးနည်းနှင့်လယ်ယာသုံးစက်ကိရိယာများအကျိုးရှိစွာအသုံးပြု ဒေသနှင့်ကိုက်ညီသည့်ရွှေရင်အေးနှင့်ဆင်းရွှေဝါစပါးမျိုးတိုးမြှင့်စိုက်ပျိုး

ရန်ကုန် ဩဂုတ် ၁၆

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကောက်စိုက်စွမ်းရည်၊ တိုက်ရိုက်မျိုးစေ့ချစွမ်းရည်နှင့် လယ်ယာ(၁၆)လက်တွန်းထွန်စက် စွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၈ ရက်နံနက်ပိုင်းက ပင်လုံမြို့နယ် ပင်လုံအရှေ့အုပ်စု၌ ကျင်းပသည်။

အမှာစကားပြောကြား

အစီအစဉ်အရ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဝမ်းစာဖူလုံရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ စပါးအထွက်နှုန်း ကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းလမ်း(၄)သွယ်ကို စနစ်တကျ လိုက်နာဆောင်ရွက်ရေး၊ ခေတ်မီစိုက်ပျိုးနည်းစနစ်နှင့် ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို အကျိုးရှိစွာ အသုံးပြုဆောင်ရွက်ရေး၊ ဒေသနှင့်ကိုက်ညီသည့် ရွှေရင်အေးစပါးနှင့် ဆင်းရွှေဝါစပါးမျိုးများကို တိုးမြှင့်စိုက်ပျိုးဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်စပါးစိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲနှင့် လယ်ယာ(၁၆)လက်တွန်းထွန်စက် စွမ်းရည်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေကြသည့် လွိုင်လင်ခရိုင်ရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆုချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲနှင့် လယ်ယာ(၁၆)လက်တွန်းထွန်စက်စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိကြသောအသင်းများ၊ အားပေးမှုအကောင်းဆုံးဆုရ မြို့နယ်များနှင့် ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့အား တိုင်းမှူးနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၇-၈-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် An Introduction to the Final of Limited Comparies (စီးပွားရေး၊ စီးပွားစီမံ)
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"**(အပိုင်း-၁)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် အဆိပ်မယ်နှင့် ငါးဒေဝီ"** (အပိုင်း-၃)

တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ၁၆၅ လမ်းအတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းသန့်ရှင်းရေးလုပ်ငန်းများကို ရပ်ကွက်ဥက္ကဋ္ဌ ဦးဘသိန်းနှင့်အဖွဲ့ဝင်များ၊ လမ်းသူလမ်းသားများ ဩဂုတ် ၁၄ ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ဂျပန်နိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E Mr. Yuji Miyamoto သည် ယနေ့မွန်းတည့် ၁၂နာရီတွင် ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ငူရွှေမင်းဝင် ဝိပဿနာ အလုပ်ပေးတရားစခန်း

ရန်ကုန် ဩဂုတ် ၁၆

တောင်ငူမြို့ ရွှေမင်းဝင်ဝိပဿနာ အလုပ်ပေးတရားစခန်းကို မိုးကုတ်အဖွဲ့ချုပ်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ စွယ်တော်ဆရာတော် ဦးဝိလာသဂ္ဂ (သာသနဓဇ ဓမ္မာစရိယ)နှင့် အကျိုးဆောင်အဖွဲ့တို့ကဦးစီး၍ ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း၉ရက်မှ ၁၅ရက်အထိ (ဩဂုတ်၂၄ရက်မှ၃၀ရက်)အထိ ခုနစ်ရက်စခန်းဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဦးမြင့်ရွှေ ဖုန်း-၀၅၄-၂၁၇၀၇၊ ၂၁၆၃၆နှင့် ဦးတင့်လွင် ဖုန်း-၀၅၄-၂၁၅၅၀တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျောင်းကျန်းမာရေး ရက်သတ္တပတ် လုပ်ငန်းစဉ်အဖြစ် ကျောင်းကျန်းမာရေး အသိပညာပေး ပဟေဠိပြိုင်ပွဲကို အထက (၁) ကြည့်မြင်တိုင် ခန်းမတွင် ဩဂုတ် ၁၃ရက်က ကျင်းပရာ မြို့နယ်ဆရာဝန်ကြီးနှင့် မြို့နယ်ပညာရေးမှူးတို့ တက်ရောက်အားပေးခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးက ပဟေဠိမေးခွန်းတစ်ခုမေးမြန်း၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (က-ပ)

ရွေးသင့်သောသူ

❖ သူ့အိမ်ရေးရာ၊ ဝင်မပါဘဲ
စာနာချင့်တွေး၊ အေးချမ်းသာမှု
ထောက်ကူပြုသည့်၊ အပြုသဘော
အပြောအပြု၊ မပြတ်ပြုလျှင်
ပြုသောသူ၏၊ အရှိစိတ်ထား
ဘယ်အစားလဲ
ထင်ရှားသိသာ၊ ပေါ်လွင်ပါ၏။

❖ သူ့အိမ်တွင်းရေး၊ သူ့အရေးတွင်
မခေါ်ငင်ဘဲ၊ တမင်ဝင်ပါ
ဆရာဝင်လုပ်၊ ဗရုတ်ဗရက်
အခြေပျက်အောင်၊ တို့ထောင်စကား
စဉ်ပြောကြားပြီး၊ ထိပါးအမှု
မပြတ်ပြုလျှင်၊ ပြုသောသူ၏
အရှိစိတ်ထား၊ ဘယ်အစားလဲ
ထင်ရှားသိသာ၊ ပေါ်လွင်ပါ၏။

❖ ထိုသို့သောသူ၊ နှစ်မူနှစ်စား
တွေ့လာငြားက၊ စိတ်ထားဖြူစင်
ပေါ်လွင်ထင်ရှား၊ ရှိသူများသာ
လူသားအသိ၊ အမှန်ရှိပြီး
သူ၏အကျိုး၊ ကိုယ့်အကျိုးတွက်
ချိန်စက်မျှတ၊ လူ့လောကကို
သာယာစေသူ၊ တကယ့်လူစစ်
အမှန်ဖြစ်၍
ရွေးစစ်ယူနိုင်ကြပါစေ။ ။

ပျံလွှား

ဝန်ကြီးဗိုလ်ချုပ်လှထွန်း ပုဇွန်တောင်ဘဏ်ခွဲကြည့်ရှု

ရန်ကုန် ဩဂုတ် ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းငြိမ်းတို့ လိုက်ပါ၍ ယနေ့ နံနက်၁၀နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)သို့ သွားရောက်ပြီးငွေသွင်း၊ငွေထုတ်ကောင်တာများ၊ လယ်ဂျာဌာန၊ စာရင်းဌာနနှင့် ငွေရေတွက်စက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်း၌ တည်ဆောက်လျက်ရှိသည့် မြန်မာ့စီးပွားရေးဘဏ် ပုဇွန်တောင်ဘဏ်ခွဲသို့ရောက်ရှိရာ အိုလံပစ်ဆောက်လုပ်ရေးကုမ္ပဏီမှဆောက်လုပ်ရေးတာဝန်ခံ ဦးအောင်သန်းက အဆောက်အအုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အဆောက်အအုံကို သပ်ရပ်တောင့်တင်းခိုင်မာ ကြံ့ခိုင်သည့် အဆောက်အအုံဖြစ်ရေး ဦးစားပေးဆောင်ရွက်ရန်နှင့် အခြားလိုအပ်ချက်များကို မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ ဝန်ကြီးဦးဝင်းအောင်သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၇

၂၀၀၄ ခုနှစ် ဩဂုတ် ၁၇ ရက်၌ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ အင်န် ဟာဆန် ဝီရာယုဒထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၇-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	အကပြိုင်ပွဲ
၈း၀၀	၆။	ကဗျာပန်းဥယျာဉ်
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	ကချင်ပြည်နယ်မိုးကောင်း တံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar Made Easy
၉း၀၀	၁၁။	အစီအစဉ်ပြီး၏

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇း၃၀	၇။	ခံစားနားဆင်တေးဂီတ်ဝင်
၁၇း၄၀	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၇း၁၅	၉။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၁၆)
၁၈း၃၀	၁၀။	ညနေခင်းသတင်း
၁၉း၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၂။	တေးဂီတအစီအစဉ်
၁၉း၁၅	၁၃။	သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉း၃၀	၁၄။	ကြေးမုံရိပ်သွင် တေးနယဉ်
၁၉း၄၀	၁၅။	စိမ်းနေဦးမည် တို့မြန်ပြည်
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရုံရောအခါ"** (အပိုင်း-၁၄)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

မြစ်ရေလမ်းကြောင်းအခြေအနေနှင့် ရေယာဉ်ဖြတ်သန်းပြေးဆွဲမှု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၂ ရက်တွင် ပြည်မြို့သို့ရောက်ရှိပြီး ပြည်မြို့ နဝဒေးတံတားကြီးအနီး ရေစီးရေလာအခြေအနေနှင့် သတ်မှတ်အစုန်၊ အဆန်မြစ်ရေလမ်းကြောင်းအခြေအနေ၊ ပြည်မြို့ဆိပ်ခံတွဲနှင့် ရေယာဉ်များပြေးဆွဲဆိုက်ကပ်ထားရှိမှုအခြေအနေတို့ကိုလည်းကောင်း၊ အောင်လံမြို့ မြို့နယ်မန်နေဂျာရုံးနှင့် ဆိပ်ခံတွဲ ကြံ့ခိုင်မှုစွမ်းအား အခြေအနေ၊ ဆိပ်ကမ်းအခြေအနေ၊ သရက်-အောင်လံ ဇက်ကူးတို့ဇက်(၁၁၃) ရေယာဉ်နှင့် မော်တော်ယာဉ်များတင်ဆောင်ပြေးဆွဲနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ရေယာဉ်ကြံ့ခိုင်မှုရှိရေး၊ မတော်တဆမှုကြိုတင်ကာကွယ်ရေးတို့အတွက် စဉ်ဆက်မပြတ် သတိပေးညွှန်ကြားမှုပြုလုပ်ရန် မှာကြားသည်။

မှာကြား

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ဩဂုတ်၁၃ရက်တွင် မကွေးမြို့ ရေဝတီတံတား (မကွေး)၏ ရေလမ်းကြောင်း အခြေအနေ၊ ရေဝတီမြစ် ရေစီးရေလာအခြေအနေနှင့် ရေယာဉ်များသတ်မှတ်ရေလမ်းကြောင်းများမှ ဖြတ်သန်းရမည့်အခြေအနေနှင့် မကွေးမြသလွန်ဘုရားကြီးခြေတော်ရင်း ဆိပ်ကမ်း၌ထားရှိမည့် စစ်ဆေးရေးစခန်းတို့ကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူ စစ်ဆေးရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ရေယာဉ်များစီမံကိန်းဝင်တံတားကြီးများကို ဖြတ်သန်းခွင့်ပြုရာတွင် အဖွဲ့ဖြင့်စစ်ဆေးရေး၊ အစစ်ဆေးခံမည့် ရေယာဉ်ကြီးများ စစ်ဆေးရေးစခန်းတွင် အန္တရာယ်ကင်းစွာအစစ်ဆေးခံနိုင်ရေး၊ ရေယာဉ်များအစုန်၊ အဆန်ဖြတ်သန်းရာတွင် သတ်မှတ် ရေလမ်းကြောင်းအတွင်းမှ အန္တရာယ်ကင်းစွာ ဖြတ်သန်းရေးအတွက် ရေယာဉ်မှူး၊ ရေယာဉ်အုပ်များက အထူးဂရုပြု မောင်းနှင်ကြရေး၊ ဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ အန္တရာယ်ကင်းစွာ ဖြတ်သန်းနိုင်ရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၃)မှ ကျောင်းသူ ကျောင်းသား ၅၃ဦးအား ကျောင်းဝတ်စုံများ ထောက်ပံ့ခြင်း၊ ကျောင်းဆရာမ ၂၀အား ဝတ်စုံများ ပေးအပ်ဂုဏ်ပြုခြင်းနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်တို့အား ကြာဆံကြော်အာဟာရ ကျွေးမွေး လှူဒါန်းခြင်းကို ဩဂုတ်၁၆ရက်က ကျောင်းခန်းမတွင် ပြုလုပ်ရာ အလှူရှင် ဦးကျော်ရင်-ဒေါ်အမာကြည်(ကန်/တောင်ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲနာယက)တို့က ကျောင်းသားဟောင်း မောင်မိုးသူရိန်ကျော် မွေးနေ့အလှူအဖြစ် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူထံ ဝတ်စုံများပေးအပ်စဉ်။

(၂၅၉)

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားများ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဘေးလွတ်ရာသို့ ရှောင်တိမ်းလာသော အီရတ်တို့ကို ဩဂုတ် ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့ရှိ အမေရိကန်တပ်ဖွဲ့များအား ခုခံတိုက်ခိုက်ရေးသမားတို့က လောင်ချာ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်

နာဂျက်ဖ် ဩဂုတ် ၁၃

နာဂျက်ဖ်မြို့တွင် ခုခံတိုက်ခိုက်နေသော ဆာဒါ၏ သစ္စာခံတိုက်ခိုက်ရေးသမားများကို နှိမ်နင်းရန်အတွက် အမေရိကန်မရိန်းတပ်ဖွဲ့သည် စစ်လေယာဉ်များ၏အကူအညီဖြင့် စစ်ဆင်ခဲ့ကြကြောင်း သိရသည်။ တိုက်ပွဲစတင်ပြီး မကြာမီ အရပ်သားထောင်ပေါင်းများစွာ ထွက်ပြေးလျက်ရှိသည်။

စစ်လေယာဉ်နှင့် ရဟတ်ယာဉ်များသည် နာဂျက်ဖ်မြို့ပြင်ရှိ သင်္ချိုင်းကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အပြင် လမ်းအားလုံးကိုလည်း ပိတ်ဆို့ထားမှုများ ယမန်နေ့က ပြုလုပ်ခဲ့သည်။ အယ်ဆာဒါအပါအဝင် ရာချီသော တိုက်ခိုက်ရေးသမားများသည် အဆိုပါနေရာ၌ရှိနေပြီး ဆာဒါ၏ တိုက်ခိုက်ရေးသမားများက အမေရိကန်တို့ တပ်စွဲထားသောနေရာများကို ဒုံးပစ်လောင်ချာများ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့သည်။ တိုက်ပွဲများပြင်းထန်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားခဲ့ကြသည်။

နုတ်ထွက်

ဤအတောအတွင်း နာဂျက်ဖ်မြို့ကို အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များက ဗုံးများဆက်လက်ကြဲချနေခြင်းကြောင့် နာဂျက်ဖ် တာဝန်ရှိသူတစ်ဦး ရာထူးမှနုတ်ထွက်သွားသည်။

ယခုတလော တိုက်ပွဲများသည် အမေရိကန်နှင့် အီရတ်အစိုးရတပ်ဖွဲ့များက ဆာဒါ၏တပ်ဖွဲ့များကို ရှင်းလင်းဖယ်ရှားရန် ခုနစ်ရက်ကြာကြိုးစားခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(စီစီတီဗွီ)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်များ အီရတ်သို့နောက်ထပ်စေလွှတ်လျှင် အဆိုပါတပ်ဖွဲ့ဝင်များ၏ကံကြမ္မာဆိုးရွားသွားမည်ဟု သတိပေး

ဒူဘိုင်း ဩဂုတ် ၁၃

အီရတ်နိုင်ငံသို့ အယ်ဆာဗေဒိုအစိုးရက တပ်ဖွဲ့ဝင်သစ်များကို နောက်ထပ်စေလွှတ်မည်ဆိုလျှင် အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်များ၏ ကံကြမ္မာသည် ဆိုးရွားသွားလိမ့်မည်ဟု ခုခံတိုက်ခိုက်ရေးအုပ်စုတစ်စုက ပြောကြားသည်။

အကယ်၍ အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်များကို စေလွှတ်မည်ဆိုလျှင် မိမိတို့သည် သက်ညှာမည်မဟုတ်ကြောင်းနှင့် လက်တုံ့မပြန်ဘဲနေမည် မဟုတ်ကြောင်း၊ ကံကြမ္မာသည် ဆိုးလိမ့်မည်ဖြစ်ကြောင်း ဂျမားအယ်လ်တော်ဟစ်အယ်လ်အစ္စလမ်မီယာအုပ်စုက ပြောကြားသည်။

အယ်လ်ဆာဗေဒိုပြည်သူများကိုလည်း ၎င်းတို့၏သားများအား အီရတ်သို့ မလွှတ်ရန် အကြံပေးကြောင်း ယင်းအုပ်စုက ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြထားသည်။

သို့ဖြစ်၍ အယ်လ်ဆာဗေဒိုအစိုးရနှင့် ပြည်သူများ အသိတရား ပြန်ရကြပြီး အမေရိကန်နှင့်အပေါင်းပါတို့နောက် မလိုက်ကြရန် ကြေညာချက်၌ ဖော်ပြထားသည်။

ယခုထုတ်ပြန်သော ကြေညာချက်သည် အီရတ်၌ တပ်ဖွဲ့ဝင်များချထားသော အယ်လ်ဆာဗေဒို၊ ဩစတြေးလျ၊ ဒိန်းမတ်၊ အီတလီနှင့် အခြားနိုင်ငံများအား ယင်းတို့၏တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် သတိပေးချက်ဖြစ်ကြောင်း ယင်းအုပ်စုက ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့လယ်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဩဂုတ် ၁၁

ဘဂ္ဂဒက်မြို့လယ်ပိုင်းရှိ နိုင်ငံခြားသားများ အသုံးပြုသော ဟိုတယ်များအနီးတွင် အမေရိကန်စစ်ယာဉ်တန်းကို ရည်ရွယ်ပုံရသော လမ်းဘေးဗုံးတစ်လုံး အင်္ဂါနေ့က ပေါက်ကွဲခဲ့သော်လည်း သေဆုံးဒဏ်ရာရသူများ မရှိကြောင်း အီရတ်ရဲအဖွဲ့က ပြောသည်။

ပေါက်ကွဲပြီးနောက် မကြာမီ အဆိုပါနေရာမှ မီးခိုးလုံးများ တက်လာခဲ့သည်။ ယင်းနေရာသည် ဘဂ္ဂဒက်ရှိ လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးပြောက်ကျားများ ပစ်မှတ်ထားရာဖြစ်သည့် ပါလက်စတိုင်းနှင့် ရှာရတွန်ဟိုတယ်များမှ မဝေးသော တစ်လမ်းအတွင်း၌ ဖြစ်သည်။ သတ္တပတ်က လက်နက်ကိုင် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် ဘဂ္ဂဒက်တွင် စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့် ပိုမိုပစ်ခတ်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ရည်ရွယ်

ညပိုင်း၌ လက်နက်ကိုင် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် ဘဂ္ဂဒက်မြို့လယ်သို့ စိန်ပြောင်း သို့မဟုတ် ဒုံးကျည်တစ်ဒါဇင်မျှ ပစ်ခတ်ခဲ့ရာ အများစုမှာ အီရတ် ကြားဖြတ်အစိုးရနှင့် အမေရိကန်နှင့် ဗြိတိသျှသံရုံးများရှိရာ အစိမ်းရောင်ဇုန်နယ်မြေကို ရည်ရွယ်ပစ်ခတ်ခြင်း ဖြစ်သည်။

ပစ်ခတ်

အဆိုပါတိုက်ခိုက်မှုကြောင့် သေဆုံးဒဏ်ရာရရှိသူများ ရှိ မရှိ အတိအကျမသိရှိရသေးပေ။ လွန်ခဲ့သည့် ရက်

ကုလအထောက်အကူပေးလုပ်ငန်းအဖွဲ့၏လုပ်ပိုင်ခွင့် လုံခြုံရေးကောင်စီက အီရတ်တွင် တစ်နှစ်တိုးချဲ့ရန်အတည်ပြု

ကုလသမဂ္ဂ ဩဂုတ် ၁၂

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အထောက်အကူပေးလုပ်ငန်းအဖွဲ့၏ လုပ်ပိုင်ခွင့်အာဏာကို လုံခြုံရေးကောင်စီက တစ်နှစ်တိုးချဲ့ရန် တညီတညွတ်တည်း ဆန္ဒမဲပေးခဲ့ကြသည်။

ကုလသမဂ္ဂ အထောက်အကူပေးအဖွဲ့၏ လုပ်ပိုင်ခွင့်အာဏာသည် ၂၀၀၃ ခုနှစ် ဩဂုတ် ၁၄ ရက်၌ ဖန်တီးခဲ့ပြီး သောကြာနေ့က ကုန်ဆုံးခဲ့သည်။ ယင်းလုပ်ပိုင်ခွင့်အာဏာ တိုးချဲ့ရေးကို လုံခြုံရေးကောင်စီ၌ ထောက်ခံ ၁၅ မဲ၊ ကန့်ကွက်မဲမရှိသဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါဆုံးဖြတ်ချက်က ကိုယ်စားပြု အစိုးရအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် အီရတ်ပြည်သူများနှင့် အစိုးရအား ဦးဆောင်အကူအညီပေးသင့်ကြောင်း ထပ်မံ အတည်ပြုထားသည်။ ထို့ပြင် အဆိုပါဆုံးဖြတ်ချက်က လွတ်လပ်သော၊ အချုပ်အခြာအာဏာပိုင်သော၊ စုစည်းညီညွတ်သော၊ နယ်မြေပေါင်းစည်းမှုရှိသော အီရတ် နိုင်ငံကိုလည်း ထပ်မံ အတည်ပြုထားသည်။

အီရတ်ရှိ ကုလသမဂ္ဂလုပ်ငန်းအဖွဲ့အစည်းသည် တနင်္ဂနွေနေ့၌ ဖွင့်လှစ်ရန် အစီအစဉ်ရှိသော အီရတ်နိုင်ငံ၏ အမျိုးသားညီလာခံအား ကျင်းပမည့် အီရတ်အာဏာပိုင်များအား အကြံပေးသည်။ **(အင်တာနက်)**

မိုဆူးလ်မြို့အနီးတွင် အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးအား ဖယ်ရှားနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ကာန်ရဟတ်ယာဉ်ပျက်ကျ မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ အခြား ၁၄ ဦးဒဏ်ရာရရှိ

ကဘူးလ် ဩဂုတ် ၁၂

အမေရိကန်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းသည် အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် ကြာသပတေးနေ့က ပျက်ကျခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြား ၁၄ ဦးဒဏ်ရာရသွားခဲ့သည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အဆိုပါရဟတ်ယာဉ်သည် ပါကစ္စတန်နှင့် နယ်စပ်အနီး ခို့စ်ပြည်နယ်တွင် ပျက်ကျပြီးပျက်စီးခဲ့ကြောင်း၊ မီးလောင်ခြင်းမရှိကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

ပစ်ချခံရမှုကြောင့် ယင်းရဟတ်ယာဉ်ပျက်ကျခဲ့သည်ဆိုခြင်းကို အမေရိကန်စစ်ဘက်ဆိုင်ရာက ငြင်းဆိုခဲ့ပြီး ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း ပြောကြားသည်။

ဒဏ်ရာရတပ်ဖွဲ့ဝင်များကို ခို့စ်မြို့အနီးရှိ အမေရိကန်အခြေစိုက်စခန်းဖြစ်သော ကင့်မ်ဆာလာနိုသို့ သယ်ဆောင်ခဲ့သည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်/ဆင်ဟွာ)**

အီရတ်ဆိုင်ရာ ကုလအထူးသံတမန် အီရတ်၌ဆွေးနွေး နာဂျက်ဖ်၌ဖြစ်ပွားနေသော ပဋိပက္ခ ငြိမ်းချမ်းစွာဖြေရှင်းရန် ပြောကြား

ဘဂ္ဂဒက် ဩဂုတ် ၁၄

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အီရတ်ဆိုင်ရာ အထူးသံတမန် အာရှရပ်ဖ်ဂျီဟင်ဂါကာဇီသည် အီရတ်ဝန်ကြီးချုပ် အီယာ့ဒ်အာလာဝီ၊ သမ္မတဂါဇီအယ်လ်ယာဝါတို့နှင့် ယနေ့တွေ့ဆုံဆွေးနွေးကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယခုအခါ ဒုတိယသီတင်းပတ်ထဲ ရောက်လာပြီဖြစ်သော နာဂျက်ဖ်မြို့၌ ဖြစ်ပွားနေသည့် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များနှင့် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားအဖွဲ့တိုက်ခိုက်မှုများကို ငြိမ်းချမ်းစွာဖြေရှင်းကြရန် ကုလသမဂ္ဂသံတမန်က တိုက်တွန်းပြောကြားသည်။

နာဂျက်ဖ်တိုက်ပွဲကို ငြိမ်းချမ်းစွာ ဖြေရှင်းဖို့အတွက် ကုလသမဂ္ဂက ကြားဝင်ဆောင်ရွက်ပေးခြင်းပြုမည် မပြုမည်ကိုမေးမြန်းရာ၌ မိမိတို့အား ကြိုဆိုသောနေရာများ၌သာ ရုံးများဖွင့်သွားရန် ကုလသမဂ္ဂကအသင့်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာ သတင်းများ

ကြားဖြတ်အစိုးရရုံးချုပ်နှင့် အမေရိကန်သံရုံးရှေ့တွင် ဆာဒါထောက်ခံသူများ ဆန္ဒပြ

ဘဂ္ဂဒက် ဩဂုတ် ၁၃

အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် အီရတ်တိုက်ခိုက်ရေးသမားများကို ကြာသပတေးနေ့ကစပြီး တိုက်ခိုက်ခဲ့ကြပြီးနောက် ယမန်နေ့အစောပိုင်း၌ နာဂျက်ဖ်မြို့တွင် တိတ်ဆိတ်ကာ လူသူကင်းမဲ့လျက်ရှိသည်။ အယ်လ်ဆာဒါ၏ အိမ်ကို ယမန်နေ့အစောပိုင်းက တိုက်ခိုက်ခဲ့မှုကြောင့် အယ်လ်ဆာဒါ ထိခိုက်ဒဏ်ရာရရှိခဲ့မှုသည် ၎င်းအား ထောက်ခံသူများကို မီးမောင်းထိုးပေးသကဲ့သို့ ရှိသည်။

ဆာဒါစီးတီးရှိ အီရတ်ကြားဖြတ်အစိုးရအဖွဲ့ရုံးချုပ်နှင့် အမေရိကန်သံရုံးရှေ့တို့တွင် အယ်လ်ဆာဒါကို ထောက်ခံသူများက ဆန္ဒပြခဲ့ကြသည်။ အီရတ်တို့ကိုထောက်ခံသည့် ရဲတပ်ဖွဲ့ဝင်များကလည်း ပါဝင်ဆန္ဒပြခဲ့သလို နာဂျက်ဖ်မြို့ကို သွားရောက်ကာကွယ်ဖို့လည်း ဆန္ဒပြသူများက တိုက်တွန်းခဲ့ကြသည်။ **(စီအက်ဖ်အိုင်)**

အီရတ်အကျပ်အတည်းဖြေရှင်းရေး အခြားနည်းလမ်းများလိုအပ်

ရုရှားဒုတိယနိုင်ငံခြားရေး ဝန်ကြီးယူရီဖီဒိုတော့ဗ် ပြောကြား

မော်စကို ဩဂုတ် ၁၄

အီရတ်အကျပ်အတည်း ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ အခြားချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းလိုအပ်ကြောင်း ရုရှားအဆင့်မြင့်သံတမန်တစ်ဦးက သောကြာနေ့၌ ပြောကြားလိုက်သည်။ အီရတ်နိုင်ငံတွင် အခြေအနေတစ်စထက်တစ်စ ပိုဆိုးလာခြင်းသည် အီရတ်နိုင်ငံ အကျပ်အတည်းကို ကမ္ဘာ့အသိုင်းအဝိုင်းက ဖြေရှင်းရန်အတွက် အခြားချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများကို အားထားသင့်ကြောင်း ပြနေသည်ဟု ဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့ဗ်က ပြောကြားသည်ဟု အင်တာဖက်သတင်းဌာနက ကိုးကားဖော်ပြသည်။

ဆုံးဖြတ်ချက်အမှတ် ၁၅၄၆ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတည်မပြုခင် ရုရှားနိုင်ငံသည် ကျယ်ပြန့်သော နိုင်ငံလုံးဆိုင်ရာ ဆွေးနွေးပွဲအပေါ် အမှီသဟဲပြုသော အီရတ်အသွင်ကူးပြောင်းရေးပုံစံကို တိုက်တွန်းခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ပြောကြား

ထိုကဲ့သို့ ဆွေးနွေးမှုသည် အခြေအနေကို ဖြေရှင်းရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို ဖြစ်ပေါ်စေမည် ဖြစ်သည့်ပြင် ဩဇာအရှိန်အဝါရှိသော နိုင်ငံရေးအုပ်စုများ အထူးသဖြင့် အတိုက်အခံအုပ်စုများ ပါဝင်လာမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ဆန့်ကျင်

ရုရှားနိုင်ငံသည် အီရတ်အား အမေရိကန်နှင့် အပေါင်းပါတို့ဆင်နွှဲသည့် စစ်ပွဲကိုဆန့်ကျင်ခဲ့သော လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင် တစ်နိုင်ငံဖြစ်ခဲ့သည်။

ထိုသို့ဆိုသော်လည်း အီရတ်စစ်ပွဲ ပြီးသွားသည့်အခါ အီရတ်ပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂ၏ ပိုမိုအရေးပါသော အခန်းကဏ္ဍကို တိုက်တွန်းပြောဆိုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်အား ကန်တို့၏ ကျူးကျော်မှုအပေါ် တီဟီရန်တွင် ကန့်ကွက်ဆန္ဒပြ

တီဟီရန် ဩဂုတ် ၁၄

အီရတ်နိုင်ငံတွင် အမေရိကန် စစ်ရေးလုပ်ဆောင်ချက်များအား အီရန်လူမျိုး ထောင်ပေါင်းများစွာက တီဟီရန်ရှိ လမ်းမကြီးများတွင် သောကြာနေ့က ချီတက်ဆန္ဒပြခဲ့ကြသည်။

အမေရိကန်က ကျဆုံးပါစေဟု ဆန္ဒပြသူများက ကြွေးကြော်ကြပြီး အမေရိကန်အလံများကို မီးရှို့ခဲ့ကြသည်။

ဆန္ဒပြ

ထို့ပြင် ဆန္ဒပြသူများသည် သိမ်းပိုက်သူများ ကျဆုံးပါစေ၊ အပြစ်မဲ့သူများကို အစုအပြုံလိုက်သတ်သော အမေရိကန်တို့၏ ဒီမိုကရေစီဟူသော စာတန်းများကို ကိုင်ဆောင်ပြီး ချီတက် ဆန္ဒပြခဲ့ကြသည်။

အမေရိကန်တို့သည် အစ္စလမ္မစ်အုပ်စုများကို အီရတ်မြင်ကွင်းမှ လုံးဝဖယ်ထုတ်လိုကြပြီး အမေရိကန် အလိုကျ လူ့ပတ်ဝန်းကျင်များကို အာဏာပေးလိုကြကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေစောင့်ကြည့်အဖွဲ့ ခေါင်းဆောင် အယာတိုလာအာမက်ဂျန်နာတီက ပြောကြားသည်။

ရှုတ်ချ

ထို့ပြင် ဂျန်နာတီက နာဂျက်ဖ်မြို့ကို တိုက်ခိုက်ရန် အမေရိကန်တို့အား သဘောတူ ခွင့်ပြုခဲ့သည့် အီရတ်ကြားဖြတ်အစိုးရအဖွဲ့ကိုလည်း ပြစ်တင်ရှုတ်ချခဲ့သည်။

အီရတ်နိုင်ငံတွင် အမေရိကန်နှင့် အပေါင်းပါသိမ်းပိုက်တပ်များက ကျူးလွန်လျက်ရှိသည့် ရာဇဝတ်ပြစ်မှုများနှင့် စပ်လျဉ်း၍ နိုင်ငံတကာအသိုင်းအဝိုင်း၏ နှုတ်ဆိတ်နေမှုကိုလည်း အီရန်နိုင်ငံက ပြစ်တင်ရှုတ်ချခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ

ဘုရှ်အစိုးရအား ဘက်လိုက်ခဲ့သည့် သတင်းများသာ ဖော်ပြမိခဲ့ကြောင်း ဝါရှင်တန်ပို့စ် သတင်းစာအယ်ဒီတာများ ဝန်ခံ

ဝါရှင်တန် ဩဂုတ် ၁၃

အီရတ်အားစစ်ပွဲဆင်နွှဲခြင်းအတွက် ဘုရှ်အစိုးရကို ဘက်လိုက်၍ တရားမျှတကြောင်း မှားယွင်းစွာအကြောင်းပြဖော်ပြထားသည့် သတင်းဆောင်းပါးများကိုသာ မိမိတို့ထင်ထင်ရှားရှား ဖော်ပြမိခဲ့ကြကြောင်း နေ့စဉ်ထုတ် အမေရိကန်သတင်းစာ ဝါရှင်တန်ပို့စ်မှ အယ်ဒီတာများက ကြာသပတေးနေ့၌ ဝန်ခံခဲ့ကြသည်။

စစ်ပွဲမစမီရက်များတွင် ဝါရှင်တန်ပို့စ်သတင်းစာ၏ အတွေ့အကြုံရင့်ကျက်သော သတင်းထောက် ဝေါလ်တာပင်ကတ်စ်က ဆက်ဒမ်ဟူစိန်သည် အဖျက်စွမ်းအားကြီးသော လက်နက်များဝှက်ထားကြောင်းကို ဘုရှ်အစိုးရ၌ သက်သေအထောက်အထား ရှိ၊ မရှိ မေးမြန်းသည့် သတင်းဆောင်းပါးတစ်ပုဒ်ရေးသားပြီး ဝါရှင်တန်ပို့စ်သို့ပို့ခဲ့ရာ အယ်ဒီတာများ၏ အတိုက်အခံပြုခြင်းခံခဲ့ရကြောင်း ကြာသပတေးနေ့ထုတ် ပို့စ်သတင်းစာ၏ မျက်နှာဖုံးစာမျက်နှာတွင် ဝန်ခံရေးသားဖော်ပြခဲ့သည်။

အဆိုပါ သတင်းဆောင်းပါးအား လက်ထောက်အုပ်ချုပ်မှုအယ်ဒီတာ ဘော့ပ်ဝုဒ်ဝဒ့်၏ အကူအညီဖြင့် နောက်ပိုင်း၌ ဝါရှင်တန်ပို့စ်တွင် ဖော်ပြခဲ့သော်လည်း ပင်ကတ်စ်၏ သတင်းဆောင်းပါးသည် မျက်နှာဖုံး၌ ဖော်ပြခြင်းမခံရဘဲ စာမျက်နှာ အေ ၁၇၌သာလျှင် ဖော်ပြခြင်းခံခဲ့ရသည်။

အီရတ်နိုင်ငံ၌ စစ်ပွဲပြီးဆုံးပြီး နောက်ပိုင်းတွင် အကြမ်းဖက်မှုများ ဆက်ဖြစ်နေပြီး အမေရိကန်တပ်ဖွဲ့ဝင်များက အဆိုပါ အဖျက်စွမ်းအားကြီးသော လက်နက်များကို ယခုထိရှာမတွေ့သေးဘဲရှိရာ ဝါရှင်တန်ပို့စ်အပါအဝင် လူထုဆက်သွယ်ရေးသည် အီရတ်အား ဘုရှ်က စစ်ပွဲဆင်နွှဲစဉ်အတွင်း သမ္မတဘုရှ်၏ ဖော်ပြပြောဆိုချက်များအပေါ် ပို၍သံသယဖြစ်စရာ သတင်းများကို တိုင်းပြည်အား ဖော်ပြခဲ့ခြင်းမရှိကြောင်း ဝေဖန်သူအချို့က ဝေဖန်ပြစ်တင်ခဲ့ကြသည်။ **အမ်အင်အေ၊ပီတီအိုင်**

အီရတ်၌ အမေရိကန်နှင့် အပေါင်းပါတပ်များ ဆက်လက်ကျူးကျော်ထားမှုအပေါ် ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အီရန်နိုင်ငံ တီဟီရန်မြို့တွင် ဆန္ဒပြသူများက အမေရိကန်အလံအား မီးရှို့ဆန္ဒပြနေကြသည်ကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

စောင့်မျှော်

ဘဂ္ဂဒက်မြို့ရှိ အဘူဂါရိပ်အကျဉ်းစခန်းအပြင်ဘက်တွင် ပြန်လွတ်လာမည့်သူများအား စောင့်မျှော်နေသော အီရတ်တို့ကို ဩဂုတ်၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဗီယက်နမ် ကော်ဖီတင်ပို့မှု တိုးတက်လာ တန်ဂ၃၀၀၀၀ တင်ပို့ရန်မျှော်မှန်း

ဟနွိုင်း ဩဂုတ် ၁၄

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၅၄၀တန်ဖိုးရှိ ကော်ဖီတန်ချိန် ၈၃၀၀၀၀တန် တင်ပို့ရန် မျှော်မှန်းထားသည်။ နှစ်စဉ်အလိုက် တိုးတက်မှုမှာ ၂၃ဒသမ ၁ရာခိုင်နှုန်းနှင့် ၁၈ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနက သောကြာနေ့က သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဇူလိုင်လလယ်က ကော်ဖီဈေးနှုန်းကျနေသော်လည်း ထိန်းသိမ်းသိုလှောင်ထားသော ထုတ်ကုန်ဝယ်ယူနေသော ကမ္ဘာ့ဝယ်ယူရေးလမ်းကြောင်းမှ အမြတ်အစွန်းများ ရရှိလိမ့်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ ထုတ်ကုန်အများဆုံးတင်သွင်းသော နိုင်ငံများမှာ ဘယ်လ်ဂျီယံ၊ ဂျာမနီနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ဖြစ်ကြပြီး တရုတ်နှင့် ဥရောပသမဂ္ဂတို့သည် နောက်မှလိုက်သည်။

ဗီယက်နမ် ကော်ဖီပို့ကုန်ဈေးနှုန်းမှာ ယခုလောလောဆယ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၇၅၆၁၀ ရှိသည်။ ဇူလိုင်လလယ်က ၂၀ခန့် ဈေးကျသွားသည်ဟု အဆိုပါဝန်ကြီးဌာနက ပြောသည်။ ယခုနှစ်တွင် ကော်ဖီစိုက်ဟက်တာ ၅၀၀၀၀၀ရှိကြောင်း၊ ကော်ဖီစေ့ တန် ၇၀၀၀၀၀ကျော် ထွက်ရှိမည်ဖြစ်ကြောင်း၊ ယင်းကော်ဖီစေ့များကို ၆ဒသမ ၅၇ခုမှ ထွက်ရှိကြောင်း သိရသည်။ ယမန်နှစ်က အမေရိကန်ဒေါ်လာ ၄၅၇သန်း တန်ဖိုးရှိ ကော်ဖီတန်ချိန် ၆၇၄၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လမ်းပျက်စီး

အမေရိကန်နှင့်အပေါင်းပါတို့၏ ကျူးကျော် တိုက်ခိုက်မှုကြောင့် ဘာကူဘာမြို့အနီး လမ်းများပျက်စီးနေသည်ကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ပျက်စီးလျက်ရှိသော အဆောက်အအုံတစ်ခုကို ဩဂုတ်၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရရှိ

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာတွင် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို ဩဂုတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း



အီရတ် မြင်ကွင်း

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ ကားဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးနေသောလမ်းကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များက လေယာဉ်နှင့်တင့်ကားများ အသုံးပြုတိုက်ခိုက်မှုကြောင့် မီးခိုးလုံးများ လွှမ်းနေသော နာဂျက်ဖ်မြို့အား ဩဂုတ် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆန္ဒပြတောင်းဆို

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ နာဂျက်ဖ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာပေးရန် ဆန္ဒပြတောင်းဆိုနေသော အီရတ်တို့ကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင် လိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီခွဲ တွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး မော်တော်ယာဉ်များဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းလယ်ကျွန်းများ၌ စိုက်ပျိုးထားသော အရိပ်ရပင်နှင့်အလှပင်များစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် အထွေထွေမန်နေဂျာ ဦးထွန်းလှိုင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးထားသောအပင် အမျိုးအစားနှင့် အရေအတွက်၊ ရေရရှိရေးအတွက် ဆောင်ရွက်ထားသည့် အခြေအနေများနှင့် စိုက်ပျိုးပြီး အပင်အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် လေဆိပ်အဝင်လမ်း တစ်လျှောက် မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှု စစ်ဆေး ပြီး လေဆိပ်အဝင် ဆိုင်းဘုတ်အရှေ့တွင် ပန်းဆိုင်းဖြင့် ပန်းကွက်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးအား မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ် အရေးကြီးပုဂ္ဂိုလ်နားနေဆောင်၌ လေဆိပ် အထွေထွေမန်နေဂျာ ဦးထွန်းလှိုင်က လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် သစ်ပင်ပန်းမန် စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်လျက် ရှိသော အစီအမံများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စိုက်ပျိုး ပင်များအတွက် ရေအလုံအလောက် ရာသီမရွေးရရှိနိုင်မည့် အစီအမံများနှင့် ဆောင်ရွက်ထားရှိမှု အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးကြီးသိန်းဆွေက မိုးရာသီမြက်ခင်းများ ပျိုးထောင် ထားရှိမှု၊ အရိပ်ရပင်၊ အလှပင်များ၊ ရာသီပန်းမန်များ လုပ်ကွက်များခွဲ၍ စိုက်ပျိုးထားမှု အခြေအနေ၊ အပင်အမျိုး အစားနှင့် အရေအတွက်ကို ရှင်းလင်းတင်ပြရာ တာဝန် ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်းများပီပီပြင်ပြင် ဆောင်ရွက်ရေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အဝင်လမ်း အလယ်ကျွန်းတစ်လျှောက် အရိပ်ရပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ကွယ်လွန်သူ ဗိုလ်ကြီး ကြီးမြင့်အား ရည်စူး၍ အမှတ် ၁၁၂၊ ၉၁ လမ်း ကန်တော်ကလေး အရှေ့ပိုင်း ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်မြမြနှင့် သားသမီးမြေး တစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းကို ဩဂုတ် ၁၁ ရက်က လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ နာယက ဦးချစ်လှိုင်က လက်ခံယူစဉ်။

(က–ပ)

မြန်မာ ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော မြန်မာ ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ် Shwesaryan Open Golf Championship ဂေါက်သီး ရိုက်ပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့်အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် မန္တလေးမြို့ Shwesaryan Golf Resort ၌ကျင်းပသည်။

ဆုချီးမြှင့်

ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်း ကစားအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ Kaung Myat Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာဦးမောင်မောင်မြင့်က အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံးရိုက် ချက်ဆုရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား လည်းကောင်း၊ M.P.G.A နှင့် M.G.F အမှုဆောင်ဦးကိုကိုလေးက Professional Golfers ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု ရရှိကြသူတို့အားလည်းကောင်း ဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပုက အမျိုးသားအပျော်တမ်း ပြိုင်ပွဲတွင် စုစုပေါင်း ၃၀၂ ချက်ဖြင့် ပထမရရှိသော မျိုးမင်းအောင်၊ စုစုပေါင်း ၃၀၄ ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇင်ဝင်း၊ စုစုပေါင်း ၃၀၆ ချက်ဖြင့် တတိယရရှိသော နိုင်နိုင်လင်းတို့အား ဆုများ ချီးမြှင့်သည်။

ယင်းပြိုင်ပွဲတွင် ပထမရရှိသော မျိုးမင်းအောင်အား Tiger Beer, Air Mandalay, Wilson နှင့် KM Golf Centre တို့ကလည်း ထပ်မံ၍ ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်း ၂၈၈ ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင် (Pan-West)၊ စုစုပေါင်းအချက် ၂၉၀ ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ် (Pan-West)၊ စုစုပေါင်း ၂၉၅ ချက်စီဖြင့် ပူးတွဲ တတိယရရှိကြသော အောင်ဝင်း (Y.C.D.C) နှင့် မင်းနိုင် (Srixon) တို့အား ဆုများချီးမြှင့်သည်။

ယင်းပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင် (Pan-West) အား Air Mandalay က ရန်ကုန်–မန္တလေး–ရန်ကုန် အသွားအပြန်လေယာဉ် လက်မှတ်ကို ထပ်မံ၍ ချီးမြှင့်သည်။

ဆက်လက်၍ Rothmans of Pall Mall Myanmar Pte., Ltd. Chairman ဗိုလ်မှူးကြီးအောင်စန်းက Professional Golfers ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော စိုးကျော်နိုင် (Pan-West) အား ဆုကြေးငွေ ချက်လက်မှတ်ကို ပေးအပ်သည်။

ထို့နောက် Rothmans of Pall Mall Myanmar Pte.,Ltd. Joint Deputy မန်နေဂျင်းဒါရိုက်တာဗိုလ်မှူး သိန်းအောင် (ငြိမ်း) က Shwesaryan Golf Resort ကို ဂုဏ်ပြုအမှတ်တရ လက်ဆောင် ချီးမြှင့်ပေးအပ်ရာ Kaung Myat Co.,Ltd. ဒါရိုက်တာ ဦးသိန်းတန်ဆွေက လက်ခံသည်။

ဆုများထပ်မံပံ့ပိုး

မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ် Shwesaryan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်ပွဲရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား U Law Sit Han, Mandalay Golf Association, Hi Tech Co.,Ltd., Hi Tech Myanmar Cement Co.,Ltd. တို့ကလည်း ဆုများထပ်မံ၍ ပံ့ပိုးကြသည်။

ကူညီပံ့ပိုး

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd. ကဖြစ်ပြီး၊ Co-Sponsors များဖြစ်ကြသော Air Mandalay, Tiger Beer, Alpine Drinking Water, Htoo Trading, KM Golf Centre, Maruman, Tour Stage, Srixon, Wilson, Grand Slam(Munsing Wear), ACCEL International Co.,Ltd. (Canon), Sedona Hotel(Mandalay), Sun Far Travels & Tours တို့က ထပ်မံ၍ ကူညီပံ့ပိုးပေးကြသည်။

ပထမပွဲစဉ် Shwesaryan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေး အတွက် (Organized By Han Event Management) က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတင်းစာပညာသင်တန်းသားများမြန်မာ့ရုပ်ရှင်လုပ်ငန်းလေ့လာ

ရန်ကုန် ဩဂုတ် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူး ဖွင့်လှစ်သော သတင်းစာပညာသင်တန်းအမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသား သင်တန်းသူများသည် သင်တန်းမှူး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ သင်တန်းသား သင်တန်းသူများအား ဓာတ်လမ်းရုပ်ရှင် အသံခန်းမ၌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဓာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ဒုတိယညွှန်ကြား ရေးမှူး ဦးစန်းနွယ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လက်ထောက် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ဦးမြသန်းက ရုပ်ရှင်ထုတ်လုပ်မှုလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် သင်တန်းသား၊ သင်တန်းသူများသည် မြန်မာ့ရုပ်ရှင်လုပ်ငန်းရှိ ကူးဆေးလုပ်ငန်း၊ တည်းဖြတ် လုပ်ငန်း၊ ရိုက်ကူးရေးလုပ်ငန်းနှင့်အသံလုပ်ငန်းများကို လေ့လာကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများသည် မြန်မာ့ရုပ်ရှင် လုပ်ငန်း ဓာတ်လမ်းရုပ်ရှင်အသံခန်းမ၌ ပြသသော"နှလုံးလှလှမိုက်" ရုပ်ရှင် ဓာတ်ကားကိုကြည့်ရှုကြပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်း သား ခေါင်းဆောင် ကိုမိုးကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

ဆုကြေးငွေချီးမြှင့်

Rothmans of Pall Mall Myanmar Pte., Ltd. Chairman ဗိုလ်မှူးကြီးအောင်စန်းက Professional Golfers ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော စိုးကျော်နိုင် (Pan-West) အား ဆုကြေးငွေ ချက်လက်မှတ် ချီးမြှင့်စဉ်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မစ္စပန်နယ်ဆိုးနစ်ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနှင့် Panasonic Battery တို့ ပူးပေါင်း ကျင်းပသော Miss Panasonic Battery Slide Contest ဓာတ်ပုံ ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက်က M3 Food Center ၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံဓာတ်ပုံ အသင်းဥက္ကဋ္ဌ ညောင်ဦးဖိုးချို က အဖွင့် အမှာစကားပြောကြားပြီး ပထမ မန်းတက္ကသိုလ်နေမျိုးဝင်း၊ ဒုတိယ ကိုထင်အောင် (အင်းစိန်)၊ တတိယ ဦးမောင်မောင်တိုးတို့အား မန်နေဂျင်း ဒါရိုက်တာ ဦးကျော်မျိုးထွန်းက ဆုများ အသီးသီးပေးအပ် ချီးမြှင့်သည်။ **(ဓါပုံ)**

(က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ခြောက်နိုင်ငံအာဆီယံတက္ကသိုလ်များပညာရေးနက်ဝပ်ဖွင့်လှစ် ပညာရေးဝန်ကြီးဦးသန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၆

The 6th ASEAN Universities Network Educational Forum ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမဦးကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ASEAN Universities Network Executive Director Prof. Dr. Supachai Yavaprabhasက ASEAN Universities Network Education Forumနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လက်ဆောင်များပေးအပ်

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်နှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးရင်တို့သို့ Prof. Dr. Supachai Yavaprabhasက အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် ASEAN Universities Network Executive Director နှင့် ASEAN Universities Network အဖွဲ့ဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အမှတ်တရဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ The 6th ASEAN Universities Network Educational Forum သို့ ASEAN Universities Networkအဖွဲ့ဝင်တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး ယနေ့မှစ၍ ဩဂုတ်၂၇ရက်အထိ ဆွေးနွေးပွဲများနှင့် လေ့လာရေးအစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံစီးပွားရေးဆိုင်ရာသဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီစည်းဝေး

ရန်ကုန် ဩဂုတ် ၁၆

အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ပဌမအကြိမ် အစည်းအဝေးကို ယနေ့ညနေ ၄နာရီက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင်ရှေးဦးစွာ အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အဖွင့်အမှာစကား ပြောကြားပြီး စတုတ္ထအကြိမ်လုပ်ငန်းကော်မတီ အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်းနှင့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်မှုအခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင့်သွင်က ရှင်းလင်းတင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆွေးနွေးတင်ပြ

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ရှင်းလင်းဆွေးနွေးပြီး အခြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆပ်ကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ၊ ငါးလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီ၊ လယ်ယာအခြေခံပစ္စည်းဆိုင်ရာ ဆပ်ကော်မတီ၊ ကုန်စည်ရောင်းဝယ်ရေးဆိုင်ရာ ဆပ်ကော်မတီ၊ ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ ဆပ်ကော်မတီနှင့် စက်မှုဆိုင်ရာ ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲစတင်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ(၂၀၀၄)ကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း) တက်ရောက်၍ကြည့်ရှု အားပေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)သည် နံနက် ၁၁နာရီခွဲတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ရောက်ရှိလာပြီး အရောင်းခန်းမ မြေညီထပ်ဘေးဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံးများကိုလည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမ အလယ်ထပ်နှင့် အပေါ်ဆုံးထပ်ရှိ ကျောက်မျက်အတွဲများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)သည် ကျောက်စိမ်းနှင့်ကျောက်မျက်အတွဲများကို ကြည့်ရှုလေ့လာနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရောင်းချမည်

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၁၆၄ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၃၂၃ တွဲတို့ကို တင်ဒါစနစ်၊ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများကို ရတနာကုန်သည်များက ယနေ့မှ ဩဂုတ်၁၈ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ကြည့်ရှုလေ့လာကြမည်ဖြစ်ပြီး ဩဂုတ် ၁၉ ရက် နံနက် ၉နာရီတွင် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို Bargain စနစ်၊ Auction စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကြည့်ရှုလေ့လာ

အဆိုပါကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၅၃၇ဦးနှင့် ပြည်ပရတနာကုန်သည် ၁၀၅ဦး စုစုပေါင်း ရတနာကုန်သည် ၆၄၂ဦးတို့ ရောက်ရှိနေကြပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပမြို့နယ် အမက(၃၇)တွင် အာဟာရကျွေးမွေးရန်နှင့် စာရေးကိရိယာဝယ်ရန် ငွေလှူဒါန်းပွဲတွင် ဦးတင်မောင် (စန္ဒီပရဆေး)–ဒေါ်မိမိအောင်တို့၏သား မွေးနေ့အလှူရှင် မောင်မျိုးမင်းထွဋ်က အလှူငွေကျပ် ၁၀၀၀၀၀ကို ဩဂုတ် ၉ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးသန့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နိုင်ငံတကာကဗျာဖတ်ပွဲတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၏စာတည်းမှူးချုပ်ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပမည့် (၁၀)ကြိမ်မြောက် နိုင်ငံတကာ ကဗျာဖတ်ပွဲသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)၊ တွဲဖက်အတွင်းရေးမှူးဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)နှင့်မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဩဂုတ် ၁၆ရက်မှ ၂၂ရက်အထိ ကျင်းပမည့် အဆိုပါကဗျာဖတ်ပွဲကို မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကွာလာလမ်ပူမြို့တော်ဝန်ရုံးတို့ ပူးတွဲတာဝန်ယူလျက် ပြည်တွင်းပြည်ပမှ ထင်ရှားသော ကဗျာဆရာများကို ဖိတ်ခေါ်ကျင်းပခြင်းဖြစ်ကြောင်းနှင့်ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့်အတူ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဦးမျိုးသန့်(မောင်ဆုရှင်) လည်းလိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နောင်မွန်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

ရန်ကုန် ဩဂုတ် ၁၆

နောင်မွန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝင်များသည် မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဇူလိုင် ၂၁ ရက်က ဦးမျိုးဇော်အောင် (အငယ်တန်းအင်ဂျင်နီယာ–၃) နှင့်ဝန်ထမ်းများသည် လမ်းဘေးဝဲ/ယာ တစ်လျှောက် ဒေသထွက်ရာသီပန်းများ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

17-8 (08).p65 1 03/25/1905, 5:39 PM

ကျေးလက်ဒေသ စက်ရေတွင်းများတူးဖော်ရေး အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်းအနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြား လူသိများခြင်း၊ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းဟူသည့် ရေအကျိုး(၁၀)ပါးကို ဆုမတောင်းဘဲရရှိ နိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း- ၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေး အဖွဲ့) ဖုန်း- ၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေး အဖွဲ့)ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်း ရရှိသည်။ **(နယ်စပ်/စည်ပင်)**

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဩဂုတ် ၁၄ ရက်ညနေပိုင်းက မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ပလိပ်သို့ရောက်ရှိကာ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့ရောင်းချမည့် (Compressed Natural Gas) CNG အရောင်းဆိုင်ဖွင့်လှစ်မည့်ဆိုင်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၁၆-၈-၂၀၀၄

မော်လမြိုင်မြို့
၅ ဒသမ ၅၉ လက်မ

မအူပင်မြို့
၄ ဒသမ ၅၃ လက်မ

မုဒုံမြို့
၄ ဒသမ ၂၉ လက်မ

ပုသိမ်မြို့
၂ ဒသမ ၆၄ လက်မ

ဘားအံမြို့
၂ ဒသမ ၄၈ လက်မ

အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေး စီမံကိန်းအပိုင်း(၃)လက်ခံကျင်းပရေးညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ စီမံကိန်းတစ်ခုဖြစ်သော အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေးစီမံကိန်း အပိုင်း(၃)လက်ခံကျင်းပရေးညှိနှိုင်းအစည်းအဝေး(၂/၂၀၀၄)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်ဘက်စုံခန်းမ၌ကျင်းပရာ အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေးစီမံကိန်းအပိုင်း(၃) လက်ခံကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ ကျင်းပရေး ဦးစီးကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (အပေါ်ပုံ)

အမှာစကားပြော

ရှေးဦးစွာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ စီမံကိန်းတစ်ခုဖြစ်သော အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေးစီမံကိန်း အပိုင်း(၃) ဆွေးနွေးပွဲကို မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပရာတွင် ဆောင်ရွက်ဖွယ်ရာလုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ယင်းနောက်လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကိုအကြံပြုဆွေးနွေးတင်ပြကြရာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မန္တလေးနှင့်မကွေးတိုင်းရှိ စက်သုံးဆီအရောင်းဆိုင်များစစ်ဆေး အလေအလွင့်နည်းပါးရေးနှင့် ထုတ်လုပ်မှုတိုးတက်ရေးမှာကြား

ရန်ကုန် ဩဂုတ် ၁၆

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၁၄ရက်တွင် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ပလိပ်သို့ရောက်ရှိကာ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့ရောင်းချမည့် (Compressed Natural Gas) CNG အရောင်းဆိုင်ဖွင့်လှစ်မည့်ဆိုင်နေရာကို ကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းရမည့် ပိုက်လိုင်းလမ်းကြောင်းကို ရွေးချယ်သတ်မှတ်ပေးသည်။

မှာကြား

ဝန်ကြီးအား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူး (အင်ဂျင်နီယာလုပ်ငန်း)တို့ကမြင်းခြံ-ကျောက်ဆည်-ပလိပ် ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းလမ်းကြောင်း အခြေအနေကိုလည်းကောင်း၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေး အရာရှိ (မန္တလေး)က မန္တလေးမှ တံတားဦး၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ ကူမဲ၊ မိတ္ထီလာ ဓာတ်ဆီသုံး မော်တော်ယာဉ်လိုင်းများ၏ အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပလိပ် CNG အရောင်းဆိုင်ကို အမြန်ဆုံးဖွင့်လှစ်ပေးပြီး တံတားဦး၊ ကျောက်ဆည်၊ မြစ်သားနှင့် ကူမဲမှ ဓာတ်ဆီသုံး မော်တော်ယာဉ်လိုင်းများကို ပထမအဆင့်အနေဖြင့် ပြောင်းလဲတပ်ဆင်ပေးသွားမည် ဖြစ်ကြောင်း၊ မန္တလေးမှ မိတ္ထီလာအထိပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများကိုလည်း ဒုတိယအဆင့် အနေဖြင့် ဆက်လက် ပြောင်းလဲပေးသွားမည်ဖြစ်ပြီး ဓာတ်ဆီမှသဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်သွားနိုင်ရေး၊ ပိုက်လိုင်းတစ်လျှောက် သဘာဝဓာတ်ငွေ့ CNG အရောင်းဆိုင်များ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားနိုင်ရေးတို့အတွက် လိုအပ်သည်များကိုအမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည်ဩဂုတ် ၁၅ရက်တွင် မန္တလေးမြို့ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၆၁၂)နှင့်(၀၆၃၃)တို့သို့ရောက်ရှိပြီး စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးကာ မီးဘေးအန္တရာယ်ကာကွယ်ရေး၊လုံခြုံရေး၊စက်သုံးဆီအချင်အတွယ်မှန်ကန်စေရေး၊ အများပြည်သူတို့နှင့်ဆက်ဆံရေး ပြေပြစ်ကောင်းမွန်စေရေးတို့အတွက် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့ရေနံ ဓာတုဗေဒ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က ထုတ်လုပ်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အလေအလွင့်နည်းပါးရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် ရေနံစိမ်းချက်လုပ်မှု၊ ဖယောင်းကြမ်းနှင့် ဖယောင်းတိုင်ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည် ချောက်ရေနံမြေ ပစ္စည်းစီမံဌာန၌ ဆိပ်သာ-ကြံခင်း မြစ်ဖြတ်ပိုက်လိုင်းတွင် အသုံးပြုရန် ၁၀ လက်မပိုက်များ ကွန်ကရစ်ဖုံးအုပ်ခြင်းလုပ်ငန်းသို့သွားရောက်ကာ နည်းပညာပိုင်းကို စေ့စပ်သေချာစွာ ဆောင်ရွက်ကြရေး၊ ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းခွင်အရောက် အမြန်ဆုံးပို့ဆောင်ရေးတို့ကို မှာကြားသည်။ ထို့နောက်ဝန်ကြီးသည် ချောက်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲသို့သွားရောက်ကာ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အစီအမံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရေနံချောင်း ရေနံမြေသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ရေနံမြေ အထွေထွေမန်နေဂျာတို့က တွင်းသစ်များ တူးဖော်ခဲ့မှုအခြေအနေ၊ တွင်းဟောင်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက အလားအလာကောင်းသည့်နေရာများတွင် တွင်းသစ်များထပ်မံတူးဖော်သွားနိုင်ရေး၊ သတ်မှတ် လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးတို့အတွက် ဆောင်ရွက်ရမည့်အစီအမံများကိုချမှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၄ရက်က ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် မြတ်ပညာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲ၊ စာအုပ်လှူဒါန်းပွဲကျင်းပရာ ဈေးကလေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးသောင်းရွှေနှင့် မြို့နယ်ပြန်/ဆက် စာကြည့်တိုက် လက်ထောက်-၃ ဒေါ်ခင်သန်းလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင် မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

ရန်ကုန် ဩဂုတ် ၁၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေကြောင်း သိရသည်။

ဩဂုတ် ၁၇ ရက် ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိတိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ရေနံအစားထိုး လောင်စာနှင့် အနာဂတ်အလားအလာ

အင်္ဂလန်နိုင်ငံမှာ ယာဉ်မောင်းတချို့ဟာ မိမိတို့ရဲ့ မော်တော်ယာဉ်တွေကို ဒီဇယ်ဆီအစား ဟင်းချက်ရာမှာသုံးတဲ့ စားသုံးဆီ (Cooking Oil)ကို မက်သနောလ်နည်းနည်းရောပြီး မောင်းနှင်ကြတဲ့အကြောင်း၊ ဒီဇယ်ဆီသုံးတာထက် ဈေးသက်သာတဲ့အကြောင်း ဒါပေမယ့် အခွန်အခပေးဆောင်ထားခြင်းမရှိတဲ့ တရားမဝင်စက်မောင်းဆီ (Illegal, Untaxed Fuel)ဖြစ်လို့ ရဲက ပေါင်စတာလင်ငွေ ၅၀၀ ဒဏ်ရိုက်ခဲ့တဲ့အတွက် တွက်ခြေမကိုက် ဖြစ်သွားရတဲ့အကြောင်း သတင်းတစ်ပုဒ် ဖတ်လိုက်မိပါတယ်။ အဲဒီသတင်းကို ဖတ်မိပြီး ဒီဆောင်းပါးကို ရေးမိတာပါ။

တကယ်တော့ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီ၊ လေယာဉ်ဆီ၊ မီးထိုးဆီစတဲ့ စက်မောင်းဆီများဟာ ရုပ်ကြွင်းလောင်စာ (Fossil Fuel)ဖြစ်တဲ့ ရေနံစိမ်းကို ချက်လုပ်ရာက ရရှိလာတဲ့ ပစ္စည်းများဖြစ်ပါတယ်။ ရေနံစိမ်းဟာ ပြန်လည်ပြည့်ဖြိုးမြဲ မရှိတဲ့ စွမ်းအင်အမျိုးအစား(Non-renewable energy resource)မှာပါဝင်ပြီး ထုတ်ယူသုံးစွဲလိုက်ပါက ပြန်လည်ဖြစ်ထွန်းလာခြင်း မရှိတော့ပါ။ ဆိုလိုတာက အသစ်ထပ်မံဖြစ်ထွန်းလာဖို့ နှစ်သန်းပေါင်းများစွာ ကြာတတ်တဲ့ ပစ္စည်းအမျိုးအစားပါ။

လွန်ခဲ့တဲ့နှစ်သန်းပေါင်း ၃၀၀ကျော်တုန်းက သစ်ပင်တွေ၊ ရေမှော်ပင်တွေ၊ သတ္တဝါတွေဟာ ကမ္ဘာကြီးရဲ့ နက်ရှိုင်းတဲ့မြေအောက်ကို ရောက်ရှိသွားခဲ့ပြီး အဲဒီနေရာမှာ ပြင်းထန်တဲ့ဖိအား၊ မြင့်မားတဲ့ အပူရှိန်တို့ကြောင့် ရေနံစိမ်းအဖြစ် ပြောင်းလဲသွားခဲ့တာပါ။ အဲဒီရေနံစိမ်းကို လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀ခန့်ကမှ လူတွေက မြေပေါ်ရောက်အောင် ထုတ်ယူသုံးစွဲခဲ့ကြတာပါ။ ကမ္ဘာ့ရေနံသမိုင်းအရ ၁၈၅၉ခုနှစ်မှာ အမေရိကန်နိုင်ငံ ပင်ဆဲလ်ဗေးနီးယား (Pennsylvania) ပြည်နယ် တီတူးဗီလ် (Titusville)နားမှာ ကမ္ဘာ့ပထမဦးဆုံး စီးပွားဖြစ်ရေနံတွင်းကို တူးဖော်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဒီနေရာမှာ ထူးခြားတာက သဘာဝအလျောက် ရေနံစိမ်းဖြစ်ပေါ်ဖို့ နှစ်သန်းပေါင်းများစွာ ကြာပေမယ့် စက်မှုတော်လှန်ရေးကြီး ဖြစ်ပေါ်လာပြီးတဲ့နောက် အတတ်ပညာပိုင်းဆိုင်ရာတွေ တိုးတက် ဖြစ်ထွန်းလာတာနဲ့အမျှ မျက်မှောက်ခေတ် လူသားတွေအနေနဲ့ ရေနံစိမ်းတူးဖော်ထုတ်လုပ်သုံးစွဲမှုနှုန်းဟာ နှစ်ပေါင်းရာဂဏန်းပဲ အချိန်လိုအပ်ပြီး အရှိန်အဟုန်ပြင်းထန်လှတာကို တွေ့ရခြင်းဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာတော့ ကမ္ဘာ့ရေနံစိမ်းဟာ ကုန်ခန်းသွားမှာ မလွဲကေန်ဖြစ်ပါတယ်။ အဲဒါ့အပြင် ကမ္ဘာ့ရေနံစိမ်းထုတ်လုပ်မှုမှာ အဓိကကဏ္ဍက ပါဝင်နေတဲ့ အရှေ့အလယ်ပိုင်းရဲ့ နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုကလဲ ရေနံစိမ်းပုံမှန်ရရှိရေးအတွက် စိတ်ချရမယ့် အခြေအနေမှာ မရှိတာကတော့ အမှန်ပါ။ ဒါကြောင့်မို့လဲ အထူးသဖြင့် အရှေ့အလယ်ပိုင်းက ရေနံစိမ်းကို ၆၀ ရာခိုင်နှုန်းအထိ အားထားနေရတဲ့ အာရှတိုက်အနေနဲ့ တစ်စုံတစ်ခုသော အကြောင်းကြောင့် ရေနံစိမ်းရရှိမှု ပြတ်တောက်သွားခဲ့ရင် ခံသာအောင် အရေးပေါ် အရန်ရေနံစိမ်းများ (Strategic Reserve) ကို အရန်သင့် စီမံထားကြပါတယ်။

စာရင်းဇယားများအရ ၁၉၃၀ပြည့်နှစ်အထိ ကမ္ဘာ့မြေပြင်အောက်က ရေနံစိမ်းစည် စုစုပေါင်းသန်း ၁၇ ၀၀၀ သာ ထုတ်ယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ၁၉၇၀ပြည့်နှစ်ရောက်တော့ နှစ်စဉ်ရေနံစိမ်းစည် သန်း ၁၇၀၀၀ ထုတ်ယူနိုင်ခဲ့ပါပြီ။ ၁၉၉၇ ခုနှစ်အထိ ရေနံစိမ်းစည် စုစုပေါင်းသန်း ၈၀၇၀၀၀ အထိ ထုတ်ယူခဲ့ကြပြီး လက်ရှိထုတ်ယူမှုနှုန်းအရဆိုရင်တော့ မြေအောက်မှာ ရေနံစိမ်းစည်သန်း ၉၉၅၀၀၀ ခန့် ကျန်ရှိနေဦးမယ်လို့ ခန့်မှန်းထားကြပါတယ်။

တကယ်လို့ တစ်ကမ္ဘာလုံး ရေနံသုံးစွဲမှုနှုန်းဟာ တစ်နှစ်ကို စည်သန်း ၂၄၀၀၀ အတိုင်း ရှိမယ်ဆိုရင် ၂၀၄၀ ပြည့်နှစ်မှာ ရေနံစိမ်းတွေအားလုံး ကုန်သွားနိုင်မယ်လို့ ခန့်မှန်းထားကြပါတယ်။ အဲဒီအချိန်ဟာ သိပ်မဝေးတော့ပါဘူး။ ဒီနေရာမှာ တစ်နှစ်ကို ရေနံစိမ်းသုံးစွဲမှုဟာ ၂ရာခိုင်နှုန်းခန့် တိုးတက်နေတယ်ဆိုတာကိုလဲ မေ့ထားလို့မရပါဘူး။ တစ်ဖက်က ကြည့်မယ်ဆိုရင်လဲ ရေနံ ရှာဖွေတူးဖော်ထုတ်လုပ်တဲ့ နည်းပညာအသစ်အဆန်းတွေ ပိုမိုတိုးတက်လာတာနဲ့အမျှ ရေနံစိမ်းသိုက်အသစ်တွေ ရှာဖွေတွေ့ရှိလာနိုင်တဲ့ အလားအလာတွေ ရှိနေတယ်လို့လဲ ဆိုကြပါသေးတယ်။

ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာတော့ ကမ္ဘာ့ရေနံစိမ်းဟာ ကုန်ခန်းသွားမှာ မလွဲကေန်ဖြစ်ပါတယ်။ အဲဒါ့အပြင် ကမ္ဘာ့ရေနံစိမ်းထုတ်လုပ်မှုမှာ အဓိကကဏ္ဍကပါဝင်နေတဲ့ အရှေ့အလယ်ပိုင်းရဲ့ နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုကလဲ ရေနံစိမ်းပုံမှန်ရရှိရေးအတွက် စိတ်ချရမယ့်အခြေအနေမှာ မရှိတာကတော့အမှန်ပါ။ ဒါကြောင့်မို့လဲ အထူးသဖြင့် အရှေ့အလယ်ပိုင်းက ရေနံစိမ်းကို ၆၀ရာခိုင်နှုန်းအထိ အားထားနေရတဲ့အာရှတိုက်အနေနဲ့ တစ်စုံတစ်ခုသော အကြောင်းကြောင့် ရေနံစိမ်းရရှိမှု ပြတ်တောက်သွားခဲ့ရင် ခံသာအောင် အရေးပေါ် အရန်ရေနံစိမ်းများ (Strategic Reserve)ကို အရန်သင့်စီမံထားကြပါတယ်။

အထူးသဖြင့် အာရှတိုက်မှာ ရှိပြီးပြည်ပရေနံစိမ်းကို အားကိုးနေရတဲ့ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနိုင်ငံတွေမှာ အရေးပေါ်အရန်ရေနံစိမ်းတွေကို အောက်ပါအတိုင်း အစီအမံများချမှတ်ပြီး သိုလှောင်ထားကြပါတယ်–

စဉ်	နိုင်ငံ	သိုလှောင်ပမာဏ (စည်သန်း)	အရေးပေါ် သုံးစွဲနိုင်သည့် အရန်ပမာဏ (ရက်)
၁။	ဂျပန်	၅၆၇	၁၆၁
၂။	ကိုရီးယားသမ္မတနိုင်ငံ	၁၃၃	၆၇
၃။	ထိုင်း	–	၂၉

ဒီလို အရန်ရေနံစိမ်းများကို သိုလှောင်ထားခြင်းဟာ ယာယီအစီအစဉ်သာ ဖြစ်ပြီး ရေရှည်ကာလအတွက် စွမ်းအင်ဖူလုံစိတ်ချရဖို့ အောက်ပါအတိုင်း နည်းလမ်းများ စီမံချမှတ်သင့်ကြောင်း ဂျပန်နိုင်ငံက အဆိုပြုထားပါတယ်။

(၁) အရန်ရေနံစိမ်းများ စုဆောင်းထားခြင်း၊ (Oil Stock Piling)

(၂) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော လောင်စာများကို ပိုမိုသုံးစွဲခြင်း၊(Utilization of Clean Coal, Natural Gas and Renewable Energies)

(၃) စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲခြင်း၊ (Efficient Energy Use)

(၄) ရေနံစိမ်း(စွမ်းအင်) ထုတ်လုပ်သူများနှင့် သုံးစွဲသူများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းရေး (More Understanding Between Producers and Consumers)

မောင်ဖြူ (စွမ်းအင်)

ဒီဆောင်းပါးရဲ့ အစပိုင်းမှာ ဖော်ပြထားတဲ့ အင်္ဂလန်နိုင်ငံက ယာဉ်မောင်းအချို့ဟာ စားသုံးဆီကို ဒီဇယ်အင်ဂျင်ထဲထည့်မောင်းတာဟာလဲ တစ်နည်းအားဖြင့် ပြန်လည်ပြည့်ဖြိုးမြဲလောင်စာ (Renewable Fuel) ကို ဒီဇယ်ဆီအစား အစားထိုး သုံးစွဲခြင်းပါပဲ။ တကယ်တော့ စားသုံးဆီကို ဒီဇယ်အင်ဂျင်ထဲ ထည့်သုံးတာ၊ ထည့်သုံးလို့ရတာဟာ အသစ်အဆန်းကိစ္စတစ်ရပ်တော့မဟုတ်ပါဘူး။ ၁၈၉၅ ခုနှစ်တုန်းက ကမ္ဘာ့ပထမဆုံးသော ဒီဇယ်အင်ဂျင်ကို တီထွင်စမ်းသပ်ခဲ့တဲ့ ဂျာမန်သိပ္ပံပညာရှင် Dr. Rudoff Diesel ဟာ ဒီဇယ်အင်ဂျင်ကို လောင်စာဆီအမျိုးမျိုးနဲ့ စမ်းသပ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ကျော်ကာလ ၁၉၀၀ပြည့်နှစ်က ပြင်သစ်နိုင်ငံ ပါရီမှာကျင်းပခဲ့တဲ့ ကမ္ဘာ့ပြပွဲကြီးမှာ ဒေါက်တာရူဒေါ့ဒီဇယ်က သူ့ရဲ့ဒီဇယ်အင်ဂျင်ကို 'မြေပဲဆီ'(Peanut Oil)နဲ့ စမ်းသပ်လည်ပတ် ပြခဲ့တာပါ။ ၁၉၁၁ ခုနှစ်မှာတော့ ဒေါက်တာရူဒေါ့က သူ့ရဲ့ ဒီဇယ်အင်ဂျင်တွေကို ဟင်းသီးဟင်းရွက်ဆီ(Vegetable Oils)အမျိုးမျိုးနဲ့ လည်ပတ်နိုင်ကြောင်း၊ ဒါကြောင့်မို့ သူ့ရဲ့ဒီဇယ်အင်ဂျင်တွေဟာ စိုက်ပျိုးရေး အခြေခံတဲ့ နိုင်ငံတွေရဲ့ တိုးတက်မှုကို အထောက်အကူပြုမှာ ဖြစ်ကြောင်း ပြောကြားခဲ့ဖူးပါတယ်။

ဒီနောက်ပိုင်းကာလတွေမှာလဲ သိပ္ပံပညာရှင်တွေ၊ အင်ဂျင်နီယာတွေဟာ ဒီဇယ်အင်ဂျင်တွေမှာ ဒီဇယ်ဆီအစား အခြားလောင်စာတွေကို အမျိုးမျိုးစမ်းသပ်ခဲ့ကြပါတယ်။ အချို့ အစားထိုးစက်မောင်းဆီများဟာ ဒီဇယ်အင်ဂျင်များကို တစ်စုံတစ်ရာ ပြုပြင်စရာမလိုပေမယ့် အချို့ဆီများအတွက်တော့ ဒီဇယ်အင်ဂျင်များကို ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရတတ်ပါတယ်။ အခြေခံအားဖြင့် ဒီဇယ်အစားထိုး လောင်စာသုံးမျိုးကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

(၁) ဇီဝဒီဇယ်ဆီ (Biodiesel)

ဇီဝဒီဇယ်ဆီဟာ ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil)ကို ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်း၊ အရက်ပြန် (Alcohol) ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းနဲ့ ကက်တလစ်(Catalyst)ကို ၀ ဒသမ ၃၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်း ရောစပ်ထားသောဆီ ဖြစ်ပါတယ်။ တည်ငြိမ်မှုရှိခြင်း၊ ဒီဇယ်အင်ဂျင်များတွင် သုံးစွဲရာ၌ စိတ်ချရခြင်း၊ ပုံမှန်ဒီဇယ်ဆီများနှင့် ရောစပ်သုံးစွဲနိုင်ခြင်း၊ ထုတ်လုပ်ရောစပ်ရန် လွယ်ကူခြင်း၊ ရောစပ်ရာတွင် အန္တရာယ်ကင်းခြင်း၊ ပုံမှန်ဒီဇယ်ဆီပန့်များ၊ ဆီတိုင်ကီများတွင် သုံးစွဲနိုင်ခြင်း၊ ဒီဇယ်အင်ဂျင်များကို ပြုပြင်မွမ်းမံရန် မလိုခြင်းစသော အကျိုးကျေးဇူးများရှိတဲ့ အစားထိုးလောင်စာဆီ ဖြစ်ပါတယ်။

(၂) ရောဆီ(Vegetable Oil°/°Kerosene Mix)

ဒီဆီကတော့ ဟင်းသီးဟင်းရွက်ဆီနှင့် ရေနံဆီတို့ရောစပ်ထားတဲ့ လောင်စာဆီဖြစ်ပြီး ဒီဇယ်အင်ဂျင်များမှာ သုံးစွဲနိုင်ပါတယ်။ ဒါပေမယ့် ရောစပ်ရာမှာ အထူးသတိထားဖို့ လိုအပ်ပြီး တိကျမှန်ကန်သော အချိုးအစားရရှိအောင် မရောစပ်နိုင်ရင် ဒီဇယ်အင်ဂျင်များကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ ဒီလောင်စာဆီကို သုံးမယ်ဆိုရင် အပိုဆီတိုင်ကီ တစ်လုံးလိုမှာ ဖြစ်ပါတယ်။ အင်ဂျင်ကို နှိုးတဲ့အခါနဲ့ ရပ်နားတဲ့အခါတွေမှာ ရိုးရိုးဒီဇယ်ဆီကို သုံးစွဲရမှာဖြစ်ပါတယ်။ ဒီဆီအမျိုးအစားကတော့ လေ့လာစမ်းသပ်ဆဲဖြစ်ပြီး အဆင်မသင့်ရင် ဒီဇယ်အင်ဂျင်များကို အန္တရာယ် ပေးနိုင်ပါသေးတယ်။

(၃) ဟင်းသီးဟင်းရွက်ဆီ(Straight Vegetable Oil)

ဒီဇယ်အင်ဂျင်များကို ရိုးရိုးဒီဇယ်ဆီနဲ့ စက်နှိုးပြီးနောက် အပူပေးထားတဲ့ ဟင်းသီးဟင်းရွက်ဆီသန့်သန့်ဖြင့် ခုတ်မောင်းနိုင်ပါတယ်။ ကြော်ပြီးသား ဟင်းသီးဟင်းရွက်ဆီ၊ သို့မဟုတ် ဟင်းသီးဟင်းရွက်ဆီ အသစ်ကိုလဲ သုံးစွဲလို့ရပါတယ်။ ဟင်းသီးဟင်းရွက်ဆီထည့်ရန် ဆီတိုင်ကီ အသစ်တပ်ဆင်ခြင်း၊ ဟင်းသီးဟင်းရွက်ဆီကို အပူပေးရန်အတွက် ပိုက်လိုင်းများ တပ်ဆင်ခြင်းများကိုတော့ လုပ်ပေးဖို့လိုပါတယ်။ ဒီလိုပြုပြင်တပ်ဆင်မှုတွေလုပ်ပြီးရင် ပထမဦးစွာ အင်ဂျင်ကို ရိုးရိုးဒီဇယ်ဆီ၊ သို့မဟုတ် Biodiesel°နဲ့ နှိုးရပါတယ်။ ပြီးမှ အပူပေးပြီးသား ဟင်းသီးဟင်းရွက်ဆီနဲ့ ပြောင်းမောင်းနိုင်ပါတယ်။ အင်ဂျင် စက်မသတ်မီမှာ ရိုးရိုးဒီဇယ်ဆီနဲ့ ပြောင်းပြီး စက်ရပ်နားနိုင်ပါတယ်။ ဒီဆီနဲ့ မောင်းတာဟာ ဂရုစိုက်မယ်ဆိုရင် စိတ်ချရပါတယ်။

ဆောင်းပါးအစမှာ ဖော်ပြခဲ့တဲ့ အင်္ဂလန်နိုင်ငံက ယာဉ်မောင်းတွေကတော့ ဟင်းချက်တဲ့ စားသုံးဆီ (Cooking Oil)ကို မက်သနောလ်နဲ့ ရောပြီး သူတို့ရဲ့ ဒီဇယ်ဆီသုံး ယာဉ်များမှာ သုံးစွဲကြောင်း ဖတ်ရှုရပါတယ်။

မည်သို့ဖြစ်ဆိုစေကာမူ အနာဂတ်ကာလမှာ ရေနံစိမ်းဟာ မလွဲမသွေ ကုန်ဆုံးသွားမှာဖြစ်တဲ့အတွက် အစားထိုးလောင်စာအမျိုးမျိုးကို ရှာဖွေစမ်းသပ် သုံးစွဲနေကြလျက် ရှိပါတယ်။ နေရောင်ခြည်စွမ်းအင်၊ စွမ်းအင်ဘူမိအပူစွမ်းအင်၊ နျူကလီးယားစွမ်းအင်စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ရှာဖွေစမ်းသပ် သုံးစွဲနေကြပါတယ်။ မျက်မှောက်ကာလမှာတော့ ဥရောပတိုက်က ဒိန်းမတ်နိုင်ငံဟာ အစားထိုးလောင်စာစွမ်းအင်အစီအစဉ်မှာ ထိပ်ဆုံးကပြေးနေပါတယ်။ ဒါပေမယ့် ဒိန်းမတ်တစ်ပြည်လုံး လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရဲ့ ၂၀ရာခိုင်နှုန်းကိုသာ လေအားသုံး တာဘိုင်များမှ ထုတ်ယူသုံးစွဲ နိုင်ပါသေးတယ်။ ပြင်သစ်နိုင်ငံကတော့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရဲ့ ၈၀ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်သုံး စက်ရုံများက ထုတ်လုပ်သုံးစွဲနေပါတယ်။ ဂျပန်နိုင်ငံမှာ ကမ္ဘာ့အကြီးဆုံး နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီး ရှိပါတယ်။ ဂျပန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသ နီဂါတာခရိုင်မှာရှိတဲ့ Kashiwasaki Kariwa Nuclear Power Station ကြီးဟာ စုစုပေါင်း စက်တပ်အင်အား ၈၂၁၂ မဂ္ဂါဝပ်ရှိပါတယ်။ ဒါတောင်မှ ဂျပန်နိုင်ငံဟာ သူ့ရဲ့ရေနံစိမ်း လိုအပ်ချက်ကို ပြည်ပမှ တင်သွင်းနေရဆဲ ဖြစ်ပါတယ်။

အစားထိုးလောင်စာများအနေနဲ့ ဒီဇယ်ဆီအစားသုံးစွဲနိုင်တဲ့ ဆီထွက်သီးနှံပေါင်း မြောက်မြားစွာရှိပါတယ်။ အဲဒီအထဲက အောက်ပါသီးနှံ ၁၀မျိုးရဲ့ ဆီထွက်နှုန်းများကို ဖော်ပြလိုက်ပါတယ်–

စဉ်	ဆီထွက်သီးနှံအမျိုးအစား	ဆီထွက်နှုန်း (တစ်ဧကအထွက်နှုန်း) (ပေါင်)
၁။	ဆီအုန်း (Oil Palm)	၄,၅၈၅
၂။	အုန်း (Coconut)	၂,၀၇၀
၃။	ကြက်ဆူ (Jatropha)	၁,၄၆၀
၄။	မုန်ညင်း (Rapeseed)	၉၁၅
၅။	မြေပဲ (Peanut)	၈၁၅
၆။	နေကြာ (Sunflower)	၇၂၀
၇။	ဆူးပန်း (Safflower)	၆၀၅
၈။	ပဲပိစပ် (Soybean)	၃၄၅
၉။	ပိုက်ဆံလျှော် (Hemp)	၂၈၀
၁၀။	ပြောင်း (Corn)	၁၃၅

မှတ်သားဖွယ် ကောင်းတာတစ်ခုကတော့ ဒီဆီထွက်သီးနှံတွေဟာ နေရောင်ခြည်က တိုက်ရိုက်ရတဲ့ စွမ်းအင်တွေကို သိုမှီးထားတာဖြစ်ပါတယ်။ ရေနံစိမ်းစတဲ့ ရုပ်ကြွင်းလောင်စာ (Fossil Oil) ရရှိဖို့ နှစ်သန်းပေါင်းရာနဲ့ချီပြီး ကြာမြင့်ပေမယ့် ဆီထွက်သီးနှံတွေကိုတော့ လအနည်းငယ်အတွင်းမှာ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းပါပဲ။

ဒါကြောင့် မဝေးတော့တဲ့အနာဂတ်ကာလမှာ(နောက်နှစ်ပေါင်း ငါးဆယ်ခန့် အတွင်းမှာ) ရုပ်ကြွင်းလောင်စာရေနံစိမ်းကို အစားထိုးတဲ့ ဆီထွက်သီးနှံလောင်စာများဟာ ပိုမိုအရေးပါလာတော့မှာ မလွဲကေန်ဖြစ်ပါကြောင်း ရေးသားတင်ပြ လိုက်ရပါတယ်။ ။

■ *ကျောဖုံးမှ*

ပြိုင်ပွဲဝင် ခြောက်သင်းကို သုံးသင်းစီပါဝင်သော အုပ်စုနှစ်စုခွဲထားရာ အုပ်စု(က)၌ မြန်မာ၊ ဗီယက်နမ်နှင့် အိန္ဒိယ၊ အုပ်စု(ခ)၌ တောင်ကိုရီးယားတက္ကသိုလ်ညွန့်ပေါင်း၊ မလေးရှားနှင့် ဟိုချီမင်းလူငယ်အသင်းတို့ ပါဝင်ကြသည်။ အုပ်စုပွဲစဉ်များကို ဩဂုတ် ၂၀ရက်မှ ၂၄ရက်အထိ လည်းကောင်း၊ အကြိုဗိုလ်လုပွဲကို ဩဂုတ် ၂၆ရက်တွင် လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၂၈ရက်တွင် လည်းကောင်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စု(က)

အုပ်စု(က)ပွဲစဉ်များအဖြစ် ဩဂုတ် ၂၀ရက်တွင် အိမ်ရှင်ဗီယက်နမ်နှင့် မြန်မာ၊ ဩဂုတ် ၂၂ရက်တွင် မြန်မာနှင့်အိန္ဒိယ၊ ဩဂုတ် ၂၄ရက်တွင် အိမ်ရှင်ဗီယက်နမ်နှင့် အိန္ဒိယတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ အိမ်ရှင်ဗီယက်နမ်မှနှစ်သင်း ပါဝင်ယှဉ်ပြိုင်သည့်အနက် အုပ်စု(က)မှ ဗီယက်နမ်အသင်းသည် လက်ရွေးစင်အသင်းဖြစ်၍ မြန်မာနှင့်အိန္ဒိယတို့ ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ်ရှိသည်။

မြန်မာနှင့် ဗီယက်နမ်တို့သည် အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲများ၌ မကြာခဏဆိုသလို ဆုံတွေ့လျက်ရှိသော ပြိုင်ဘက်ဟောင်းများ ဖြစ်ကြသည်။ ဗီယက်နမ်နိုင်ငံသည် ဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကြေးစားတစ်ပိုင်းစနစ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိရာ တိုးတက်မှုများရရှိနေသည်။ ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့်တန်း ကလပ်အသင်းများသည် နိုင်ငံခြားမှ ကြေးစားဘောလုံးသမားများကို ခေါ်ယူကစားလျက်ရှိရာ ထိုင်းနိုင်ငံမှ ကိုင်တီဆက်ဆင်နာမောင်၊ ဒူးဆစ်စသော ဘောလုံးသမားများပင် ဗီယက်နမ်ကလပ်အသင်းများ၌ ကစားလျက် ရှိကြသည်။

မြန်မာအသင်းအနေဖြင့် ပွဲဦးထွက်၌ အင်ပြည့်အားပြည့် ကစားပြီး အိမ်ရှင်ဗီယက်နမ်ကို သရေကျခဲ့လျှင် အုပ်စုတက်ရန် အလားအလာကောင်းမည်ဖြစ်သည်။ ဗီယက်နမ်နှင့် အိန္ဒိယတို့ အုပ်စုနောက်ဆုံးပွဲကစားကြရမည်ဖြစ်ရာ မြန်မာကအိန္ဒိယကို အနိုင်ကစားထားလျှင် အုပ်စုတက်ရန် သေချာနေမည်ဖြစ်သည်။ အိမ်ရှင်ဗီယက်နမ်နှင့် အိန္ဒိယတို့ အဆုံးအဖြတ်ပွဲ ကစားရမည်ဖြစ်သည်။

မြန်မာနှင့်အိန္ဒိယတို့သည် ယခုနောက်ပိုင်း၌ လက်ရွေးစင်အသင်းချင်း ဆုံတွေ့မှုမရှိဘဲ လူငယ်လက်ရွေးစင်အဆင့်၌သာ ယှဉ်ပြိုင်ခဲ့ရမှုရှိသည်။ ပြီးခဲ့သည့် ဩဂုတ် ၃ရက်နှင့် ၇ရက်တို့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂါလ်ပြည်နယ်မှ မိုဟမ်ဘဂမ်အသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာက တစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျခဲ့သည်။

ပထမပွဲစဉ်၌ အမာခံကစားသမားများဖြင့် ပွဲထုတ်ကစားခဲ့၍ အဖွဲ့ချုပ်လက်ရွေးစင်အသင်းက လေးဂိုး–ဂိုးမရှိဖြင့် ပြတ်ပြတ်သားသားအနိုင်ရရှိခဲ့သည်။ ဒုတိယပွဲစဉ်၌ ဆန်ခါတင် လူစာရင်းဖြတ်နိုင်ရန် အမာခံကစားသမားများကိုအနားပေးပြီး ပထမပွဲ၌မကစားရသေးသူများကို ပွဲထုတ်စမ်းသပ်ခဲ့၍ တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာနှင့်အိန္ဒိယတို့သည် ခြေစွမ်းအားဖြင့် မတိမ်းမယိမ်းရှိပြီး နှစ်သင်းစလုံး အုပ်စုတက်ရန် မျှော်လင့်ချက်ထားနိုင်သော အနေအထားပင်ဖြစ်သည်။

တိုက်ဂါးဖလား

အိမ်ရှင်ဗီယက်နမ်နှင့် မြန်မာအသင်းတို့သည် တိုက်ဂါးဖလားပွဲ၌ တစ်အုပ်စုတည်းမကျသော်လည်း အကြိုဗိုလ်လုပွဲတက်ခဲ့လျှင် ဆုံတွေ့နိုင်သည်ဖြစ်ရာ အကြိုအားစမ်းခွင့်ရခြင်းပင် ဖြစ်သည်။ ဗီယက်နမ်အသင်းသည် တိုက်ဂါးဖလားပွဲ၌ အောင်မြင်မှုရရှိရေးအတွက် အယ်လ်ဂျီဖလား ဘောလုံးပြိုင်ပွဲကို လက်ခံကျင်းပခြင်းဖြစ်သကဲ့သို့ မြန်မာအသင်းအနေဖြင့်လည်း တိုက်ဂါးဖလားပွဲ၌ အောင်မြင်မှုရရှိရေးအတွက် အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲသည် အကြိုပြင်ဆင်မှုတစ်ရပ်ပင် ဖြစ်သည်။

အိန္ဒိယလက်ရွေးစင်အသင်းကို အင်္ဂလန်လူမျိုး နည်းပြ ကွန်စတိုင်းက တာဝန်ယူကိုင်တွယ်ပြီး စက်တင်ဘာလအတွင်းကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ အယ်လ်ဂျီဖလားပွဲသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအကြို ပြိုင်ပွဲအတွေ့အကြုံရရှိစေမည်ဖြစ်ရာ လူစုံတက်စုံဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ အိန္ဒိယလက်ရွေးစင်အသင်း၏ အားကစားသမား ၂၀ အမည်စာရင်းကို နည်းပြကွန်စတိုင်းက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ အရှေ့ဘင်္ဂါအသင်းခေါင်းဆောင် နာမည်ကြီး တိုက်စစ်မှူး ဘိုင်ချန်ဘူတီယာ ပါဝင်လာသည်ဟု သိရသည်။

အုပ်စု(ခ)

အုပ်စု(ခ)ပွဲစဉ်များအဖြစ် ဩဂုတ် ၂၀ရက်တွင် တောင်ကိုရီးယားတက္ကသိုလ်ညွန့်ပေါင်းနှင့် မလေးရှား၊ ဩဂုတ် ၂၂ရက်တွင် ဟိုချီမင်းလူငယ်နှင့် မလေးရှား၊ ဩဂုတ် ၂၄ ရက်တွင် ဟိုချီမင်းလူငယ်နှင့် တောင်ကိုရီးယားတက္ကသိုလ်ညွန့်ပေါင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ အုပ်စု(ခ)၌ မလေးရှားလက်ရွေးစင်အသင်းက အားအကောင်းဆုံး ဖြစ်နိုင်သော်လည်း တောင်ကိုရီးယားတက္ကသိုလ်ညွန့်ပေါင်းနှင့် ဟိုချီမင်းလူငယ်တို့ကိုလည်း လျှော့တွက်၍ရမည်မဟုတ်ပေ။

မလေးရှားနှင့် မြန်မာတို့သည် လာမည့်တိုက်ဂါးဖလားပွဲ၌ တစ်အုပ်စုတည်းကျလျက်ရှိရာ ယခုအယ်လ်ဂျီဖလားပွဲ၌ နှစ်သင်းစလုံး အကြိုဗိုလ်လုပွဲတက်ခဲ့လျှင် အားစမ်းခွင့်ကြုံနိုင်သည်။ မလေးရှားအသင်းသည် တိုက်ဂါးဖလားပွဲအတွက် ပြင်ဆင်မှု ပြုလုပ်နေရာ အထောက်အကူရရှိရေးအတွက် အယ်လ်ဂျီဖလားပွဲ၌ ခြေစွမ်းပြကစားဖွယ်ရှိသည်။ တောင်ကိုရီးယား၏ ဘောလုံးအဆင့်အတန်းသည် အာရှအဆင့်သာမက ကမ္ဘာ့အဆင့်သို့ပါ ထိုးဖောက်လျက်ရှိရာ တက္ကသိုလ်ပေါင်းစုံမှ ဘောလုံးအကျော်အမော်များ စုပေါင်းဖွဲ့စည်းထားသည့် တောင်ကိုရီးယားတက္ကသိုလ်ညွန့်ပေါင်းအသင်း၏ ခြေစွမ်းမှာ အရှေ့တောင်အာရှမှ လက်ရွေးစင်အသင်းများကို ကောင်းစွာယှဉ်ပြိုင်နိုင်မည် ဖြစ်သည်။

ဟိုချီမင်းလူငယ်အသင်းသည် လူငယ်အသင်းဆိုသော်လည်း ဗီယက်နမ်လက်ရွေးစင်အသင်းကို အထောက်အကူပြုမည့် ဘောလုံးသမားများပါဝင်နေသော လက်ရွေးစင်(ခ) အသင်းဖြစ်နိုင်သည်။ အိမ်ရှင်ပရိသတ်၏အားပေးမှုကို အပြည့်အဝရရှိမည်ဖြစ်ရာ အုပ်စုတက်ရန် မျှော်လင့်ချက်ထား ယှဉ်ပြိုင်မည်ဖြစ်သည်။ တောင်ကိုရီးယားတက္ကသိုလ်ညွန့်ပေါင်းလက်ရွေးစင်အသင်း၌ တောင်ကိုရီးယားလူငယ်လက်ရွေးစင်များ ပါဝင်လာခဲ့သည်ရှိသော် မလေးရှားနှင့် ဟိုချီမင်းလူငယ်တို့ အုပ်စုဒုတိယနေရာသာ မျှော်မှန်းနိုင်ဖွယ်ရှိသည်။

ရန်ကုန်တောင်ပိုင်းခရိုင်ဥက္ကဋ္ဌဒိုင်း အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၆

၂၀၀၄ ခုနှစ် ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၄ရက် ညနေ ၃ နာရီက သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် သုံးခွမြို့နယ်အသင်းနှင့် ကွမ်းခြံကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကွမ်းခြံကုန်းမြို့နယ်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက ပထမရရှိသော ကွမ်းခြံကုန်းမြို့နယ်အသင်းနှင့် ဒုတိယရရှိသော သုံးခွမြို့နယ်အသင်းတို့အား ငွေသားဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဆယ်မောင်က သုံးခွမြို့နယ်အသင်းအား တစ်ဦးချင်းဆုများကိုလည်းကောင်း၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်က ကွမ်းခြံကုန်းမြို့နယ် အသင်းအား တစ်ဦးချင်းဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က ပထမရရှိသွားသော ကွမ်းခြံကုန်းမြို့နယ် အသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်သည်။ ငွေသားဆုများချီးမြှင့်ခဲ့ရာတွင် ပထမရရှိသော ကွမ်းခြံကုန်းမြို့နယ်အသင်းက ငွေကျပ် ၃၃၆၀၀၀၊ ဒုတိယရရှိသော သုံးခွမြို့နယ်အသင်းက ငွေကျပ် ၂၅၄၀၀၀ရရှိခဲ့ကြသည်။

(မြန်မာ့အလင်း)

မြန်မာ–ကနေဒါချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ဆက်လက်ကျင်းပရာ အဖွဲ့ချုပ်လူငယ်ဘော်လီဘောအသင်းနှင့် ကနေဒါအေအိုင်အေအမျိုးသားဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကြရာ ပရိသတ်စိတ်ဝင်တစားကြည့်ရှုအားပေးကြစဉ်။(မြန်မာ့အလင်း)

ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ အဖွဲ့ချုပ်လူငယ်အသင်း အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၁၆

မြန်မာ–ကနေဒါ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်အဖြစ် အဖွဲ့ချုပ်လူငယ်အသင်းနှင့် ကနေဒါ အေအိုင်အေအသင်းတို့ ယနေ့ညနေ ၃နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့် ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲမစမီ နှစ်ဖက်အသင်းမှ အားကစားသမားများ အသင်းအလံလဲလှယ်ကြပြီး အမှတ်တရ ရင်ထိုးတံဆိပ်များအပြန်အလှန်ပေးအပ်ကာ ပြိုင်ပွဲကို စတင်ကျင်းပရာ အဖွဲ့ချုပ်လူငယ်ဘော်လီဘောအသင်းက ကနေဒါနိုင်ငံ အေအိုင်အေအမျိုးသား ဘော်လီဘောအသင်းကို သုံးပွဲ–နှစ်ပွဲဖြင့် အနိုင်ရရှိသည်။

ပထမပွဲငယ်တွင် အဖွဲ့ချုပ်လူငယ်ဘော်လီဘောအသင်းက ၂၅မှတ်–၁၁ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် အေအိုင်အေအသင်းက ၂၆မှတ်–၂၄မှတ်ဖြင့်လည်းကောင်း၊ တတိယပွဲငယ်တွင် အဖွဲ့ချုပ်လူငယ်အသင်းက ၂၅မှတ်–၁၁မှတ်ဖြင့်လည်းကောင်း၊ စတုတ္ထပွဲငယ်တွင် အေအိုင်အေအသင်းက ၂၅မှတ်–အမှတ်၂၀ဖြင့် အနိုင်ရရှိရာ နှစ်သင်းစလုံး နှစ်ပွဲစီနိုင်ဖြင့် သရေဖြစ်နေ၍ နောက်ဆုံးအဆုံးအဖြတ်ပွဲ ၁၅မှတ်ပွဲယှဉ်ပြိုင်ရာ အဖွဲ့ချုပ်လူငယ်အသင်းက ၁၅မှတ်–၁၂မှတ်ဖြင့် အနိုင်ရရှိသွားသည်။

(မြန်မာ့အလင်း)

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်လူစာရင်းရွေးချယ်

ရန်ကုန် ဩဂုတ် ၁၆

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဩဂုတ်၂၀ရက်မှ ၂၈ရက်အထိကျင်းပမည့် အယ်လ်ဂျီဖလား(LG Cup)ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား အပြီးသတ် ဆန်ခါတင် ၁၈ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် **(ဂိုး)**အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းလင်း(မြို့တော်စည်ပင်)၊ **(နောက်တန်း)** မင်းသူ(စီးပွား/ကူးသန်း)၊ စိုးလင်းထွန်း(ဘဏ္ဍာ/အခွန်)၊ မိုးကျော်သူ(ဘဏ္ဍာ/အခွန်)၊ စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)၊ ဇော်ထက်အောင်(စွမ်းအင်)၊ အောင်ဝင်းနိုင်(ခ)အောင်ဇော်မျိုး (မြို့တော်စည်ပင်)၊ ဝင်းမင်းထွဋ်(ပို့ဆောင်ရေး)၊ **(အလယ်တန်း)** ဇော်ဇော်(မြို့တော်စည်ပင်)၊ အောင်ကျော်မိုး(ဘဏ္ဍာ/အခွန်)၊ စန်းမောင်(ကာကွယ်ရေး)၊ ဘိုဘိုအောင်(စီးပွား/ကူးသန်း)၊မျိုးမင်းထွန်း(စီးပွား/ကူးသန်း)၊မာလ(စီးပွား/ကူးသန်း)၊ **(ရှေ့တန်း)** ရန်ပိုင်(ဘဏ္ဍာ/အခွန်)၊ ဇော်ထိုက်(ဘဏ္ဍာ/အခွန်)နှင့် ထွန်းမင်းဦး(ကမ္ဘောဇ)တို့ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဝေယံအောင်၊ အုပ်ချုပ်သူအဖြစ်ဦးခင်မောင်ကြိုင်၊ နည်းပြချုပ်အဖြစ် ဦးတင်ဟန်၊ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင်နှင့် ဦးတင်မြင့်အောင်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဗီယက်နမ်နိုင်ငံသို့ ဩဂုတ်၁၈ရက်နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာကြမည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

လေ့ကျင့်

မြန်မာ့လက်ရွေးစင်အသင်းသည် အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပဏာမလက်ရွေးစင်၃၆ဦးဖြင့် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂါပြည်နယ်မှ မိုဟမ်ဘဂမ်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲယှဉ်ပြိုင်ကစားပြီး နောက်တွင် ပဏာမလက်ရွေးစင် ၂၃ဦးသို့လျှော့ချလိုက်ပြီး အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ စခန်းဝင်ကာ လေ့ကျင့်မှုများကို အပြင်းအထန်ပြုလုပ်ခဲ့သည်။ ယခုအခါ နောက်ဆုံးဆန်ခါတင် ၁၈ဦးတို့အား အပြီးသတ်ရွေးချယ်လိုက်ပြီဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

တတိယတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ တတိယတန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို စက်တင်ဘာလ ပထမပတ်၌ စတင်ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တတိယတန်းအသင်းများသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဩဂုတ်၂၀ရက် နောက်ဆုံးထား၍ မပျက်မကွက် စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ စာရင်းပေးသွင်းခြင်းမရှိသော အသင်းများအား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်း၊ တတိယတန်း ခြေစစ်ဘောလုံးပြိုင်ပွဲဝင်အသင်းများကို အစားထိုးယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

တရုတ်ဒိုင်ဗင်သမားများဖြစ်ကြသည့် တီယန်လီယန်နှင့် ရန်ဂျင်ဟွိုင်းတို့သည် အမျိုးသား (၁၀)မီတာ ပလက်ဖောင်းဒိုင်ဗင်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးပေးခဲ့သည်။

ကိုးနှင့် ဂူတို့သည် ပြီးခဲ့သော ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲနှစ်ခုတွင် ငွေတံဆိပ်သာရခဲ့သည်။

ပါဟာလီနာနှင့် ဗာရာအီလိုင်နာတို့သည် နောက်ဆုံးဖိုင်နယ်တွင် အကောင်းဆုံးပြိုင်နိုင်ခဲ့သော်လည်း ရွှေတံဆိပ် မရခဲ့ပေ။

တီယန်သည် အမျိုးသားအိုလံပစ် တစ်ဦးချင်း ဒိုင်ဗင်ချန်ပီယံဖြစ်သည်။ ၎င်းနှင့်အတွဲလိုက်ပြိုင်သူ ရန်သည်လည်း တီယန်ထက်ပိုကောင်းအောင် ယှဉ်ပြိုင်နိုင်သူ ဖြစ်သည်။တီယန်နှင့် ရန်တို့အတွဲသည် စုစုပေါင်း ၃၈၃ ဒသမ ၈၈မှတ် ရရှိခဲ့သည်။

ဩစတြေးလျကမ္ဘာ့ဒိုင်ဗင်ချန်ပီယံများဖြစ်ကြသည့် မက်ဒရူးဟယ်လင်နှင့် ရောဘတ်နယူးဘာရီတို့သည် ပထမအကျော့တွင် ဦးဆောင်နိုင်ခဲ့သည်။ ၎င်းတို့သည် ကြေးတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ **(ရိုက်တာ)**

တနင်္ဂနွေနေ့ ပရီမီယာလိဂ် အနိုင်အရှုံး

ရန်ကုန် ဩဂုတ် ၁၆

အာဆင်နယ်	၄	–	၁	**အဲဗာတန်**
(ဒင်းနစ်ဘားကင့်–၁)				**(လီကာစ်လေ–၁)**
(အန်တိုနီယိုရီးယက်စ်–၁)				
(ဖရက်ဒရစ်ယွန်းဘတ်–၁)				
(ရောဘတ်ပီရက်စ်–၁)				
ချယ်ဆီး	၁	–	၀	**မန်ယူ**
(အီဒူရာဂတ်ဂျွန်ဆင်–၁)				**(အင်တာနက်)**

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်က အားပေးကူညီဆောင်ရွက်လျက်ရှိ လိုအပ်ချက်များကို လုပ်ငန်းရှင်များအားလုံး ညီညီညွတ်ညွတ်ဖြေရှင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်များတာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် စက်မှုဇုန်များအတွင်းရှိ စက်မှုဇုန် လုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက် ညနေ၄နာရီက မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ စက်မှုဇုန်ကွပ်ကဲမှုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားရာတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကအားပေးကူညီဆောင်ရွက်နေကြောင်း၊ လျှပ်စစ်ဓာတ်အားဖူလုံရေးကို စီမံကိန်းချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ စွမ်းအားပြည့် ဆောင်ရွက်နိုင်ရန်လိုအပ်သည့်အရင်းအနှီး၊ နည်းပညာ၊ကုန်ကြမ်း၊စက်ကိရိယာ၊ ကျွမ်းကျင်မှုပညာရှင်၊ဈေးကွက်စသည့် လိုအပ်ချက်ခြောက်ရပ်ကို ပြည့်စုံစွာ ရရှိနိုင်ရေးအတွက် လိုအပ်ချက်များကို မိမိတို့နှင့်လုပ်ငန်းရှင်များအားလုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ဖြေရှင်းဖြည့်ဆည်းဆောင်ရွက်ပြီး အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က စက်မှုဇုန်များနှင့်ပတ်သက်၍လည်းကောင်း၊ မြောက်ဥက္ကလာပစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် ရွှေပေါက်ကံ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌတို့က စက်မှုဇုန်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး စက်မှုဇုန်လုပ်ငန်းရှင်များက လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်များတာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးသည် ရွှေပေါက်ကံ စက်မှုဇုန်မှ ထုတ်လုပ်သော ရွှေမြန်မာ Pickups (Extra Cap)မော်တော်ယာဉ်ထုတ်လုပ်ပြီးစီးမှုအခြေအနေ၊ ရွှေအေးသံမဏိအရည်ကျိုစက်ရုံနှင့် Forward လယ်ယာသုံးစက်မှုကုန်ထုတ်လုပ်ငန်းမှ ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများ၊ အပိုပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်များ တာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် စက်မှုဇုန်များ အတွင်းရှိ လုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။ (ပြည်ထဲရေး)

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၁၆

ညောင်တုန်းမြို့နယ်မှ သာသနာတော်သုံးရပ်တွင် ထင်ရှားကျော်ကြားလျက်ရှိသော ဆရာတော်၊ သံဃာတော်များအား သတ္တမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဝိုင်အမ်ဘီအေ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အမှတ်(၇၇) ရေကျော်လမ်းမ ပုဇွန်တောင်၌ ဩဂုတ် ၂၁ ရက်(စနေနေ့)မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ အသင်းဝင်များနှင့် အလှူရှင်များသည် အသင်းတိုက်တည်ရှိရာ အမှတ် ၂၇၅(ပထမထပ်) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၈၀၁၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဩဂုတ် ၁၄ရက်က လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်က ၂၀၀၄ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မောင်ဝေယံနိုင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ကျောင်းကျန်းမာရေး ဟောပြော

အထက (၁) သာကေတ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် ကျန်းမာရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၁ ရက်က မြဝတီကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဦးခင်မောင်ဆွေ ဟောပြောစဉ်။ (၂၅၈)

ဩဂုတ် ၁၃ ရက်က မရမ်းကုန်းမြို့နယ် ဂျီအီးစီ (ပညာရေး) အသင်းဝင်များ၏ ၂၀၀၄ ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို အမက (၂) ကျောင်းခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးသန်းအေးက ငါးဘာသာဂုဏ်ထူးရှင် မနှင်းနန္ဒာဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

ဩဂုတ်၁၃ ရက်က ပန်းဘဲတန်းမြို့နယ် ဓမ္မာရုံတွင် (၇)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံ ပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ဝါတွင်းတရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၆

မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းချောင်းလမ်း သစ္စာဒီပဝိပဿနာအဖွဲ့ချုပ်ဓမ္မာရုံကြီးတွင် (၅၈)ကြိမ်မြောက် ဝါတွင်းခုနစ်ရက် တရားစခန်းပွဲကို ကမ္မဋ္ဌာနာစရိယ ဆရာကြီး(ဦးကြည်)၏ ဥပနိဿယအတိုင်း ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို တရားဟော ဓမ္မကထိကများက (ဝါခေါင်လပြည့်ကျော် ၆ရက်မှ တော်သလင်းလဆန်း ၁၂ရက်) ဩဂုတ် ၂၁ရက်မှ ၂၇ရက်အထိ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူများ အနေဖြင့် သစ္စာဒီပဝိပဿနာအဖွဲ့ချုပ် နာယက ဦးသန်းမြင့် ဖုန်း-၆၆၀၀၀၆နှင့် ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၂၄၇၀၂၇တို့သို့ စာရင်းပေးသွင်းနိုင်ပြီး ဩဂုတ် ၂၀ရက် ညနေ ၅နာရီအရောက် စခန်းဝင်နိုင်ကြောင်းသိရသည်။

(က-ပ)

သံလွင်၊စစ်တောင်းနှင့်ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၁၆

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၉၈ စင်တီမီတာ(သုံးပေခန့်) စိုးရိမ်ရေမှတ် အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်ငါးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၁၁ စင်တီမီတာ (ပေဝက်ခန့်)နှင့် မဒေါက်မြို့တွင် ၁၅၉ စင်တီမီတာ(ငါးပေခန့်) စိုးရိမ်ရေမှတ်များ အထက်တွင်ရှိနေကြသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၅၂စင်တီမီတာ(နှစ်ပေခန့်) စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

အီရတ်တို့ကွာတားတက်ပြီး ဂျပန်တို့အုပ်စုမှထွက်ရကိန်းကြုံ အုပ်စု(က)နှင့်(ဂ)အုပ်စုနောက်ဆုံးပွဲများ ယနေ့ကစားမည်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၁၆

အေသင်အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ ဩဂုတ် ၁၅ ရက်က ကျင်းပခဲ့သော အုပ်စု(ဃ) အုပ်စုဒုတိယပွဲစဉ်များတွင် အီရတ်က ကော်စတာရီကာကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ပေါ်တူဂီက မော်ရိုကိုအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(ခ)အုပ်စုဒုတိယပွဲစဉ်များကိုလည်း ဩဂုတ် ၁၅ရက်က ကျင်းပခဲ့ရာ အီတလီက ဂျပန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ဂါနာက ပါရာဂွေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

အုပ်စု(ဃ)တွင် အီရတ်က နှစ်ပွဲကစား နှစ်ပွဲနိုင်၊ ခြောက်မှတ်ဖြင့် ကွာတားတက်ရန် သေချာနေပြီး ပေါ်တူဂီက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ဖြင့် ကွာတားတက်ရန်အခြေအနေကောင်း ကြုံသွားသည်။

အီရတ်နှင့် ကော်စတာရီကာတို့ပွဲတွင် အီရတ်တို့က ပိုမိုထိုးဖောက်ကစားနိုင်ပြီး ဂိုးသွင်းခွင့် ပိုမိုရရှိခဲ့ရာ ကော်စတာရီကာတို့ ပွဲချိန်အတော်များများ ခံစစ်ဖြင့်သာ ကစားခဲ့ရသည်။ အီရတ်အတွက် ဒုတိယပိုင်း ၆၇ မိနစ်တွင် ကွင်းလယ်ကစား ဟာဝါမူလာကတစ်ဂိုး၊ ပွဲချိန် ၇၂မိနစ်တွင် မက်ဒီကတစ်ဂိုးသွင်းယူခဲ့ရာ အီရတ်တို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မော်ရိုကိုနှင့် ပေါ်တူဂီတို့ပွဲတွင် နာမည်ကြီးပေါ်တူဂီ အုပ်စုပထမပွဲစဉ်၌ အီရတ်တို့ကို ရှုံးခဲ့သဖြင့် ဝေဖန်ပြစ်တင်မှုများခံနေရရာ ယခုပွဲ အနိုင်ရရှိအောင် ပွဲစသည်နှင့်တိုက်စစ်ဆင်ကစားရာ ပွဲချိန်မိနစ် ၄၀ တွင် ပေါ်တူဂီတိုက်စစ်မှူး ခရစ္စတီယာနိုရော်နယ်ဒိုက တစ်ဂိုးသွင်းယူပြီး ပွဲချိန် ၇၃ မိနစ်တွင် ပေါ်တူဂီအသင်းခေါင်းဆောင် ရီကာဒိုက တစ်ဂိုးသွင်းယူခဲ့သည်။ မော်ရိုကိုအတွက် နှစ်သိမ့်ဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် မော်ရိုကိုတိုက်စစ်မှူး ဘော်ဒမ်က သွင်းယူပေးခဲ့သည်။မော်ရိုကိုအသင်း နှစ်ပွဲကစားတစ်မှတ်ဖြင့် အုပ်စုတက်ရေး အလားအလာမကောင်းတော့ပေ။

အုပ်စု(ခ) အုပ်စုဒုတိယပွဲတွင် အီတလီနှင့် ဂျပန်တို့ပွဲတွင် နာမည်ကြီးအီတလီကို ဂျပန်တို့ ခြေရည်တူကစားနိုင်သော်လည်း သမ္မာနှင့်ဝါတွင် အီတလီတို့ကို မယှဉ်နိုင်ရာ ပွဲချိန် သုံးမိနစ်တွင်အီတလီကွင်းလယ်ကစားသမား ဒီရိုစီက အဖွင့်ဂိုးသွင်းပြီး ပွဲချိန် ရှစ်မိနစ်တွင် အီတလီတိုက်စစ်မှူး ဂီလာဒီနိုက တစ်ဂိုးသွင်းယူခဲ့သည်။

ဂျပန်တို့ ပြန်လည်ထိုးဖောက်ကစားရာ ပွဲချိန်မိနစ် ၂၀တွင် ဂျပန်ကွင်းလယ်ကစားသမား အဘီယူကီက ချေပဂိုးတစ်ဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် ၃၆ မိနစ်တွင် အီတလီတိုက်စစ်မှူး ဂီလာဒီနိုက တစ်ဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်း ဂျပန်တို့ ချေပဂိုးများရရှိရေး ကြိုးစားသော်လည်း ပွဲချိန် ၈၁ မိနစ်ရောက်မှသာ ဂျပန်တိုက်စစ်မှူး တာကာမက်ဆုက တစ်ဂိုးပြန်သွင်းနိုင်ခဲ့သည်။

ဂျပန်အသင်း အုပ်စုပွဲနှစ်ပွဲကစား၊ နှစ်ပွဲရှုံးပြီး အမှတ်မရသေးရာ အုပ်စုမှထွက်ရန် သေချာနေပြီ ဖြစ်ပြီး အီတလီအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် လေးမှတ်ရကာ အုပ်စုမှတက်ရန် အခွင့်အလမ်းကောင်းလျက်ရှိသည်။

အုပ်စု(ခ) ဒုတိယပွဲအဖြစ် ပါရာဂွေးနှင့် ဂါနာတို့ ကစားရာ အုပ်စုမှတက်ရန် ရေပန်းစားနေသော ပါရာဂွေးကို ဂါနာတို့ အနိုင်ရရန်အသည်းအသန်ကြိုးစားခဲ့ရသည်။ ပထမပိုင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ကြရာ ပွဲချိန် ၇၆ မိနစ်တွင် ပါရာဂွေးအသင်းခေါင်းဆောင် ဂါမာရာက တစ်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၈၁ မိနစ်တွင် ဂါနာတိုက်စစ်မှူး တိုင်ရိုက တစ်ဂိုးနှင့် ပွဲချိန် ၈၄ မိနစ်တွင် ဂါနာတိုက်စစ်မှူး အပီယာ့စ်က တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ဂါနာတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အုပ်စု(ခ)တွင်ပါရှိသော အသင်းများ နှစ်ပွဲစီကစားခဲ့ပြီးဖြစ်ရာ ပါရာဂွေးက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ ဂါနာအသင်းက တစ်ပွဲသရေ၊ တစ်ပွဲနိုင် လေးမှတ်ရရှိနေသဖြင့် ဂါနာ၊ အီတလီနှင့် ပါရာဂွေးတို့ အုပ်စုမှတက်ရေးအတွက် အုပ်စုနောက်ဆုံးပွဲများကို အနိုင်ရရှိရန် အကြိတ်အနယ်ကစားရမည်ဖြစ်သည်။

အေသင်အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု(ဂ)မှ အုပ်စုနောက်ဆုံးပွဲစဉ်များအဖြစ် အာဂျင်တီးနားနှင့် ဩစတြေးလျ၊ ဆာဘီးယားနှင့် တူနီးရှား၊ အုပ်စု(က)မှ အုပ်စုနောက်ဆုံးပွဲစဉ်များဖြစ်သည့် တောင်ကိုရီးယားနှင့်မာလီ၊ ဂရိနှင့် မက္ကဆီကိုတို့ ဩဂုတ် ၁၇ ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အေသင်အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)မှ ပေါ်တူဂီနှင့် မော်ရိုကိုအသင်းတို့ ဩဂုတ် ၁၅ရက်က ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီတိုက်စစ်မှူး ရော်နယ်ဒို(လယ်) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဂျင်တီးနားနှင့် ဩစတြေးလျတို့ပွဲတွင် အာဂျင်တီးနားသည် အုပ်စု(ဂ)တွင် ဆာဘီးယားကို ခြောက်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး တူနီးရှားကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရကာ နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ရနေပြီး ကွာတားတက်ရန် သေချာနေပြီဖြစ်ရာ ယခုဩစတြေးလျနှင့်ပွဲတွင် အရှုံးအနိုင် အဓိကမကျတော့ပေ။

သို့သော် အိုလံပစ်ချန်ပီယံအဖြစ် ရည်မှန်းထားသော အာဂျင်တီးနားတို့က ဩစတြေးလျတို့ကို အနိုင်ကစားမည်ဖြစ်ကာ လက်ရှိခြေစွမ်းအရ အုပ်စုပွဲများကို ရှုံးပွဲမရှိ၊ သရေပွဲမရှိ ရလဒ်များဖြင့် ဖြတ်သန်းမည်ဖြစ်ကာ ဩစတြေးလျတို့ကိုအပေါ်စီးမှ ကစားပြီး အနိုင်ယူမည်သာဖြစ်သည်။

အာဂျင်တီးနားနှင့် ကစားမည့် ဩစတြေးလျအသင်းမှာ အုပ်စု(ဂ) အုပ်စုပထမပွဲစဉ်တွင် တူနီးရှားကို တစ်ဂိုးစီသရေ၊ ဆာဘီးယားကို ငါးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရနေသော အသင်းဖြစ်သည်။

ဩစတြေးလျအသင်းသည် အုပ်စုပွဲများကစားခဲ့ရာတွင် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းတက်လာသောအသင်းဖြစ်ပြီး ဩစတြေးလျတိုက်စစ်မှူးများဖြစ်သည့် ကာဟဲလ်၊ အက်စ်လိုစီ၊ ဘလိုဂီအလက်နှင့် အီလ်ရစ်တို့ တစ်ဖက်နောက်တန်းကို ထိုးဖောက်မွှေနှောက်ကစားနိုင်ကြပြီး ဂိုးရရှိအောင်လည်း ဖန်တီးဂိုးသွင်းနိုင်ကြသည်။

အုပ်စု(ဂ)မှ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဆာဘီးယားနှင့် တူနီးရှားလည်း ဩဂုတ် ၁၇ ရက်**(ယနေ့)**တွင် ကစားရမည်ဖြစ်ရာ ဆာဘီးယားသည် အုပ်စု(ဂ)တွင် အာဂျင်တီးနားကို ခြောက်ဂိုး-ဂိုးမရှိဖြင့်ရှုံးပြီး ဩစတြေးလျကို ငါးဂိုး-တစ်ဂိုးဖြင့် ထပ်မံရှုံးထားရာ နှစ်ပွဲကစား၊ နှစ်ပွဲရှုံး အမှတ်မရသေးသဖြင့် အုပ်စုမှထွက်ရန် သေချာနေသော အသင်းဖြစ်သည်။

တူနီးရှားအသင်းမှာ အုပ်စု(ဂ) အုပ်စုပွဲစဉ် နှစ်ပွဲကစားခဲ့ရာတွင် ဩစတြေးလျနှင့် တစ်ဂိုးစီသရေ၊ အာဂျင်တီးနားကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပြီး တစ်ပွဲရှုံး၊ တစ်ပွဲသရေ တစ်မှတ်သာရရှိထားရာ ယခုပွဲကို အနိုင်ကစားပါက ကွာတားတက်ရန် မျှော်လင့်ချက်ခပ်ရေးရေး ရှိနိုင်သော်လည်း အခွင့်အရေးနည်းပါးနေပြီဖြစ်သည်။

အုပ်စု(က)မှ အုပ်စုနောက်ဆုံးပွဲစဉ်များအဖြစ် တောင်ကိုရီးယားနှင့် မာလီတို့လည်း ဩဂုတ် ၁၇ ရက်**(ယနေ့)**တွင် ကစားရမည်ဖြစ်ရာ တောင်ကိုရီးယားသည် အုပ်စု(က) အုပ်စုပွဲ နှစ်ပွဲကစားခဲ့ရာတွင် အိမ်ရှင်ဂရိကို နှစ်ဂိုးစီသရေ၊ မက္ကဆီကိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရရှိထားသော အသင်းဖြစ်သည်။

တောင်ကိုရီးယားရှေ့တန်းတွင် ဂျိုဂျေကျင်၊ ကင်ဒေါင်ဂူ၊ ကင်ဒေါင်ကျင်တို့က ဂိုးသွင်းစွမ်းရည် ရှိသော်လည်း အလယ်တန်းကစားသမားများဖြစ်သော လီချန်ဆို၊ ပက်ကျူဆုန်နှင့် ကင်ဒိုဟုန်တို့ ဘောလုံးပေးပို့မှုများ အပိုအလိုဖြစ်လျက်ရှိရာ တိုက်စစ်မှူးများကို အားဖြည့်နိုင်မှုအားနည်းလျက်ရှိသည်။ တောင်ကိုရီးယား နောက်တန်းခံစစ်မှူးများဖြစ်သည့် ပက်ရောင်ဟို၊ ယိုဆောင်ချူနှင့် ချိုဘောင်ကွတ်တို့က နားလည်မှုရှိရှိဖြင့် ခံစစ်လုံအောင်ကစားနိုင်သော်လည်း အာဖရိကခြေစွာအသင်းမာလီ၏ တိုက်စစ်မှူးများ ထိုးဖောက်ကစားမှုကို ခံရဖွယ်ရှိနေသည်။

မာလီအသင်းမှာ အုပ်(က)အုပ်စုပွဲစဉ်နှစ်ပွဲကစားခဲ့ရာတွင် မက္ကဆီကိုနှင့် ဂိုးမရှိသရေ၊ အိမ်ရှင်ဂရိကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး လေးမှတ်ရရှိထားသောအသင်းဖြစ်သည်။ တောင်ကိုရီးယားနှင့် မာလီတို့နိုင်သည့်အသင်း အုပ်စုဗိုလ်ဖြစ်မည်ဖြစ်ရာ နှစ်သင်းစလုံး အနိုင်ရရှိရေး ကြိုးစားကစားမည်ဖြစ်သော်လည်း လက်ရှိခြေစွမ်းအရ မာလီတို့က အလေးသာလျက်ရှိသည်။

အုပ်စု(က)မှ အုပ်စုနောက်ဆုံးပွဲအဖြစ်ဂရိနှင့် မက္ကဆီကိုတို့ ဩဂုတ် ၁၇ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အိမ်ရှင်ဂရိတို့ အုပ်စုပွဲ နှစ်ပွဲကစားခဲ့ရာ တောင်ကိုရီးယားနှင့် နှစ်ဂိုးစီသရေ၊ မာလီကိုနှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သဖြင့် နှစ်ပွဲကစား တစ်မှတ်သာရရှိသေးရာ အုပ်စုအဆင့်မှပင်ထွက်ရန် အလားအလာများလျက်ရှိသည်။

ယခုနှစ်အိုလံပစ်ဝင် ဂရိဘောလုံးအသင်းကစားမှုမှာ ကျေနပ်ဖွယ်ရာမရှိဖြစ်ကာ လက်ရှိအနေအထားအရ မက္ကဆီကိုအသင်းကို အနိုင်ရရှိရန် မလွယ်ချေ။

မက္ကဆီကိုအသင်းမှာ အုပ်စုပွဲနှစ်ပွဲကစားခဲ့ရာတွင် မာလီနှင့်ဂိုးမရှိသရေ၊ တောင်ကိုရီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးထားသဖြင့် နှစ်ပွဲကစားပြီး တစ်မှတ်သာရရှိထားသော အသင်းဖြစ်သည်။

မက္ကဆီကိုအသင်း အားသာချက်မှာ အလယ်တန်းနှင့် နောက်တန်း အားကစားသမားများက တိုက်စစ်ကို လိုက်လံအားဖြည့်ပေးနိုင်ကြပြီး ဂိုးလည်း သွင်းနိုင်ကြခြင်းဖြစ်သည်။

သို့သော် အိုလံပစ်သမိုင်းတွင် အစဉ်အလာရှိသော မက္ကဆီကိုကသာ ဂရိအပေါ် အနိုင်ကစားသွားမည်ဖြစ်ရာ အုပ်စု(က)နှင့်(ဂ)တို့မှမည်သည့်အသင်း ကွာတားသို့ တက်ရောက်မည်ကို မကြာမီသိရတော့မည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

သဃ်န်းကျွန်းမြို့နယ် (၈/တောင်)ရပ်ကွက် ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၈ ရက်ကပြုလုပ်ရာ ပစ္စည်းလေးပါး ဝေယျာဝစ္စထောက်ပံ့ရေးအဖွဲ့ နာယက ဦးအောင်သန်းက ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သာသနထံ ဝါဆိုသင်္ကန်း ကပ်လှူနေစဉ်။ (၃၅၂)

အငယ်တန်းစနူကာပြိုင်ပွဲ ဒုတိယအဆင့် စတင်ယှဉ်ပြိုင်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ကြီးမှူး၍ စိန်ဝတ်မှုံကုမ္ပဏီ၏ ပံ့ပိုးမှုဖြင့် ကျင်းပသည့် Rave Myanmar Snooker(Senior& Junior) Championship-2004ပြိုင်ပွဲမှ Juniorပထမအဆင့်လူရွေးချယ်ပွဲများကို ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ မော်လမြိုင်နှင့် တောင်ကြီးမြို့များတွင် ဩဂုတ် ၁ ရက်မှစ၍ ကျင်းပခဲ့ရာ အဆိုပါမြို့ကြီးငါးမြို့မှ ယှဉ်ပြိုင်သူများ အနက် ၁၆ ဦးကို ဩဂုတ် ၁၄ ရက်တွင် အပြီးသတ်ဆန်ခါတင် ရွေးချယ်ပြီး ဩဂုတ်၁၆ရက် နံနက် ၁၀ နာရီမှစတင်၍ ရန်ကုန်မြို့ရှိ သတ်မှတ်ထားသောစင်တာများတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများတွင် ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

ပထမအဆင့်ပြိုင်ပွဲမှ ဆန်ခါတင် ရွေးချယ်ထားသူ ၁၆ဦးမှာ ရန်ကုန်မြို့မှ သီဟဝင်း၊ စိုင်းထွေး၊ မိုးအောင်သူနှင့် နိုင်လင်းသူ၊ မန္တလေးမြို့မှ တင်မောင်ဦး၊ ဝင်းမင်းနှင့် အေးမင်း၊ ပုသိမ်မြို့မှ အောင်ကိုကိုဦး၊ အောင်ကိုဦးနှင့် ကျော်ကျော်လင်း၊ မော်လမြိုင်မြို့မှ ရဲဝင်း၊ သန်းစိုးနှင့် သန်းဌေး၊ တောင်ကြီးမြို့မှ ဇော်မင်းထိုက်၊ ကျော်မိုးနှင့် ခွန်ဇော်ထွေးတို့ဖြစ်ကြသည်။

အငယ်တန်း

အငယ်တန်းစနူကာပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ဩဂုတ် ၁၆ ရက်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဝင်းရှိ Game Cityတွင် လည်းကောင်း၊ ဩဂုတ် ၁၇ ရက်တွင် ၃၈လမ်းရှိ အာရှပလာဇာတွင် လည်းကောင်း၊ ဩဂုတ် ၁၈ ရက်တွင် Game City တွင်လည်းကောင်း နေ့စဉ်နံနက် ၁၀နာရီနှင့် မွန်းလွဲ ၁ နာရီတို့တွင် ကျင်းပလျက်ရှိသည်။

ကျင်းပမည်

ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၉ ရက်တွင် အာရှပလာဇာတွင် လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ်၂၀တွင် အာရှပလာဇာတွင်လည်းကောင်း၊ တတိယလုပွဲကို ဩဂုတ် ၂၁ ရက်တွင် Game Cityတွင် ကျင်းပပြီး ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၂၂ ရက်တွင် အာရှပလာဇာတွင် ကျင်းပမည်ဖြစ်သည်။

အကြီးတန်းပြိုင်ပွဲ

ပြိုင်ပွဲတွင် ပထမဆု ကျပ်လေးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် ကျန်ပြိုင်ပွဲဝင် ၁၃ ဦးအား အထူးဆု ကျပ်သုံးသောင်းစီချီးမြှင့်မည်ဖြစ်ပြီး အကြီးတန်းစနူကာပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

အင်းစိန်မြို့နယ် အမက(၄၃) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူလှမျှမ်းက စတုတ္ထတန်း ပထမဆုရ မောင်ကိုကိုအောင်အား ဆုချီးမြှင့်စဉ်။ (၀၃၆)

ဇမ္ဗူထိပ်မဟာအတုလကျောင်းတိုက် ဝါတွင်းဥပုသ်နေ့တိုင်းတရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

မှော်ဘီမြို့ မြို့မ(၂)ရပ်ကွက် ထန်းတပင်လမ်း ဇမ္ဗူထိပ်မဟာအတုလကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိသာရဒ (အစိုးရ ဓမ္မာစရိယ) သည် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ပဋိစ္စသမုပ္ပာဒ် သင်တန်းနှင့် သစ္စာလေးပါးတရားတော်များကို ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ကျောင်းတိုက်ဓမ္မာရုံကြီးတွင် ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



စက်မှုလက်မှုသိပ္ပံ(ချောက်) ကျောင်းဆင်းအင်ဂျင်နီယာမိသားစု၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၅ရက်က ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အဘိဓမ္မရတနာဃရဓမ္မဗိမာန်တော်၌ ကျင်းပရာ ဆရာတော်သံဃာတော်များထံ ဆရာဦးမောင်မောင်အေးနှင့် ကျောင်းသား ကျောင်းသူများက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ **(က-ပ)**

တောင်ငူအသင်း ဝါဆိုသင်္ကန်းဆက်ကပ်၊ အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၆

တောင်ငူအသင်း (အုတ်တွင်း၊ ထန်းတပင် အပါအဝင်) တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ယမန်နေ့နံနက် ၈နာရီက ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ ဗဟန်းမြို့နယ် ကြားတောရလမ်း ဇေယျာအောင်မြေကျောင်း ဓမ္မသုခတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ခန္တီသာရထံမှ ရှစ်ပါးသီလခံယူပြီး ဆရာတော်အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲ ကျင်းပရာ ဦးခင်မောင်အေး (ဒုတိယဥက္ကဋ္ဌ စီဘီဘဏ်)-ဒေါ်ဝင့်ကြည်အေး မိသားစုက ငွေကျပ်ဆယ်သိန်း၊ **(အပေါ်ပုံ)** အမှတ်(၂၉၆) အခန်း(၅) ရွှေတိဂုံဘုရားလမ်း ဒဂုံမြို့နယ်နေ ဦးကြိုင်-ဒေါ်ခင်ဝင်း မိသားစုက ငွေကျပ်ငါးသိန်းငါးသောင်း၊ အမှတ်(၈) ပဏ္ဍိတလမ်း လှိုင်မြို့နယ်နေ ဦးကျင်ဟုတ်-(ဒေါ်သောင်းစိန်) မိသားစုက ငွေကျပ်ငါးသိန်း၊ အမှတ်(၉၀/ခ) ရွှေတောင်ကြားလမ်း ဗဟန်းနေ ဒေါက်တာအောင်မြတ်စိုးနှင့် ဒေါ်သဇင်မြင့်အောင်တို့က ငွေကျပ်လေးသိန်း၊ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်အုန်းခင် (ရွှေနှင်းဆီဆေးလိပ်ခုံ) တောင်ငူက ငွေကျပ်သုံးသိန်း၊ အမှတ်(၇၀) ယောမင်းကြီးလမ်း ဒဂုံမြို့နယ်နေ ဦးလွင်အောင်နှင့် ဒေါ်စန်းရီမိသားစုက ငွေကျပ်နှစ်သိန်း အပါအဝင် အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေကျပ် သိန်း ၅၀ခန့်ကို ပေးအပ်လှူဒါန်းရာ အသင်းနာယကကြီးများနှင့် အသင်းဥက္ကဋ္ဌ ဦးစိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အမှုဆောင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(မြန်မာ့အလင်း)**

ဗဟန်းအထက(၂)စည်းဝေး

ရန်ကုန် ဩဂုတ် ၁၆

ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို အဆိုပါကျောင်း၌ ကျင်းပရာ သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အလယ်တန်းပြဆရာ ဦးသိန်းအေးအောင်က ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း အစီရင်ခံစာကိုလည်းကောင်း၊ အထက်တန်းပြဆရာမ ဒေါ်သောင်းသောင်းနွဲ့က ငွေစာရင်းရှင်းတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်းကြောင်း သိရသည်။ **(က-ပ)**



OD Tour

Aug 19,

Aug 24

Aug 20

52(A) 504808,537672

သတိပေးတားမြစ်ခြင်းကြော်ငြာချက်အား ပြန်လည်ဖြေရှင်းကြော်ငြာခြင်း

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၈၇)လမ်း အမှတ် (၂) ခုနစ်လွှာ(ဝဲ)ခန်းနေ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၂/ပဘတ(နိုင်)၀၂၇၅၉၇ ကိုင်ဆောင်သူ ဒေါ်ညွန့်ရီက အောက်ပါအတိုင်း ပြန်လည်ဖြေရှင်း ကြော်ငြာလိုက်ပါသည်။

၁၀-၈-၂၀၀၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၈)တွင်ပါရှိသည့် ဒေါ်ခင်မြင့်နှင့် ဒေါ်ခိုင်မေထွန်း တရားရုံးချုပ်ရှေ့နေများ၏ သတိပေးတားမြစ်ခြင်း ကြော်ငြာချက်သည် အများပြည်သူအား ထင်ယောင်ထင်မှားဖြစ်စေရန် မမှန်မကန်ဖော်ပြထားခြင်း ဖြစ်ပါသည်။ ၁၄-၉-၂၀၀၃ရက်စွဲပါ ကတိပဋိညာဉ်စာချုပ်တွင် ကျွန်မဒေါ်ညွန့်ရီ ကိုယ်တိုင်လက်မှတ်ရေးထိုးထားခြင်းမရှိပါ။ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၈၇)လမ်း အမှတ် (၄၂)ခုနစ်လွှာ(ဝဲခန်း)သည် ကျွန်မလက်ရှိဖြစ်ပြီး ဥပဒေနှင့် အိမ်ငှားလည်းဖြစ်ပါသည်။ ၁၄-၉-၂၀၀၃ရက်စွဲပါ ပဋိညာဉ်စာချုပ်တွင်လည်း ကျွန်မလက်မှတ်ရေးထိုးခြင်းမရှိကြောင်း ဖော်ပြထားပါလျက် ကျွန်မမှ လက်မှတ်ရေးထိုး၍ အဆိုပါအခန်းအား လွှဲပြောင်းရန် သဘောတူညီကြောင်း ဖော်ပြချက်မှာ လုံးဝမမှန်ကန်ပါ။ ကျွန်မသည် အဆိုပါအိမ်ခန်းဥပစာအား မည်သူ့ကိုမျှ လွှဲပြောင်းရောင်းချခဲ့ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ၁၀-၈-၂၀၀၄ရက်စွဲပါ ဒေါ်ခင်သန်းထွေး၏ လွှဲအပ်ချက်အရ သတိပေးတားမြစ်ခြင်း ကြော်ငြာချက်အား ပြန်လည်ရုပ်သိမ်းပါရန်နှင့် ကျွန်မ၏ဂုဏ်သိက္ခာထိခိုက်နစ်နာမှုအတွက် တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆိုရလိမ့်မည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ကြော်ငြာအပ်ပါသည်။

ဒေါ်ညွန့်ရီ
၁၂/
ပဘတ(နိုင်)၀၂၇၅၉၇
အမှတ် ၄၂၊
ခုနစ်လွှာ(ဝဲခန်း)၊

သားအဖြစ်မှ စွန့်လွှတ်ခြင်း

မကွေးတိုင်း၊ အောင်လံမြို့၊ ရွာထောင်ကွက်သစ်ရပ်ကွက်နေ ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်ကျော်ကျော်မင်းဦး ၈/အလန (နိုင်)၁၁၈၇၁၅သည် မိဘများ၏ ဆိုဆုံးမမှုကိုနားမထောင်ဘဲ ၎င်း၏ဆန္ဒအလျောက်လုပ်ဆောင်နေပါသဖြင့် ယနေ့မှစ၍ မောင်ကျော်ကျော်မင်းဦးအား သားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကြော်ငြာအပ်ပါသည်။

ဦးခင်မောင်ဝင်း ၈/မထန(နိုင်)၀၁၃၇၇၈
ဒေါ်ခင်စန်းတင့် ၈/မထန(နိုင်)၀၁၀၅၂၁။

ဖခင်အမည်မှန်

အထက(၁၀) တာမွေ၊ ဆဋ္ဌမတန်း(B)မှ မဝင်းမာ၏ ဖခင်အမည်မှန်မှာ ဦးအာလီအာမွတ်ဖြစ်ပါသည်။

ဦးအာလီအာမွတ်။

ဒဂုံမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းကောင်စီဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်

ရန်ကုန် ဩဂုတ် ၁၆

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၄-၂၀၀၅ပညာသင်နှစ် ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ ကျောင်းအားကစားကွင်း၌ ကျင်းပရာ ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော် **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး အားကစားတာဝန်ခံ အထက်တန်းပြ ဆရာဦးကျော်မြင့်က ဘောလုံးပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ နည်းပြနှင့် လေ့ကျင့်ရေးတာဝန်ခံ အလယ်တန်းပြ ဆရာဦးခင်မောင်လွင်က ဘောလုံးအားကစားသမားများ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယှဉ်ပြိုင်ကစား

ထို့နောက် ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က ဘောလုံးကန်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး အဋ္ဌမတန်း အဝါ(ခ)အသင်းနှင့် အပြာ(က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အပြာ(က)အသင်းက အဝါ(ခ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဩဂုတ် ၁၄ရက် ညနေပိုင်းတွင် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ ကျောင်းအုပ်ဆရာကြီးများသည်လည်း ဘောလုံးယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၁၆

နယ်မြေခံထောက်လှမ်းရေးတပ်နှင့် လားရှိုးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ၂၀၀၄ခုနှစ် ဇူလိုင်၅ရက်တွင် သတင်းအရ လားရှိုးမြို့ မိုင်းတင်း ကျေးရွာအုပ်စု ပိန်းလောင်းကျေးရွာနေ ထွန်းဆာ၏နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ သံသေတ္တာအတွင်း ဖုက်သိမ်းထားသည့် အပြာရောင်ပလတ်စတစ်ဖြင့်ထုပ်ထားသည့် ဒဗလျူုဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၁၀ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ လားရှိုးမြို့ မိုင်းတင်းကျေးရွာအုပ်စု ပိန်းလောင်းကျေးရွာနေ ဦးလုံးစိန်၏သား ထွန်းဆာအား လားရှိုး အမှတ်(၂) ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၁၇/၂၀၀၄ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားခံထွန်းဆာကို သက်သေခံပစ္စည်းများနှင့် အတူတွေ့ရစဉ်။ (သတင်းစဉ်)

လှည်းကူးမြို့နယ်အတွင်းရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်နှင့် ဆီများ ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဆရာတော်များအား ဆွမ်းဆန်တော်နှင့် ဆီများဆက်ကပ်လှူဒါန်းကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဇူလိုင် ၁၂ရက်က ငါးသိုင်းချောင်းမြို့ ရွှေရောင်လမ်းဘေးဝဲယာမှ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေကြည်မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးစိန်မှန်၊ ဦးစီးအရာရှိ ဒေါ်ကြည်ကြည်မေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်သိန်းတို့ ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြစဉ်။ (က–ပ)

ကျောင်းကျန်းမာရေးအသိညာပေးဟောပြောပွဲများဖျာပုံ၌ ကျင်းပ

ဖျာပုံ ဩဂုတ် ၁၅

ဖျာပုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် မွန်းလွဲ ၁နာရီက အောင်မြေခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင်ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ကျန်းမာရေးဆိုင်ရာ ဗဟုသုတ ကြွယ်ဝရေးနှင့် လိုက်နာကျင့်သုံးရေးတို့ကို အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ ခရိုင်ကျန်းမာရေး တာဝန်ခံ ဒေါက်တာတင့်ဆွေက ရေကောင်းရေသန့်၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာများကို လည်းကောင်း၊ ခရိုင်ပညာရေးမှူး ဦးသိန်းစံအောင်က သက်ရှည် ကျန်းမာရေးနည်းလမ်းများကိုလည်းကောင်း အသီးသီး ဟောပြောကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကျောင်းကျန်းမာရေးဗဟုသုတတိုးပွားရန် သီပေါမြို့နယ်တွင် ပညာပေးဟောပြော

သီပေါ ဩဂုတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးဆိုင်ရာ ဗဟုသုတတိုးပွားရန်အတွက် ကျောင်းကျန်းမာရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက မြည်လာခန်းမ၌ ကျင်းပရာ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အင်(န်)ဂျီးတောင်က အမှာစကားပြောကြားသည်။

ထို့နောက် သူနာပြုအရာရှိ ဦးတင်မောင်ဝင်းက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ သွားကျန်းမာရေး ဆရာဝန် ဒေါက်တာ စိုင်းကျော်ရှိန်က သွားနှင့် ခံတွင်းကျန်းမာရေးကိုလည်းကောင်း၊ ကျန်းမာရေးမှူး ဦးဇော်နိုင်က အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါအကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။ **(၃၀၆)**

မြို့နယ်ချင်းဆက်လမ်း ကောလင်းမြို့၌ ပြုပြင်

ကောလင်း ဩဂုတ် ၁

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်ချင်း ဆက်သွယ်သောလမ်းများ ဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် လမ်းကြံ့ခိုင်ရေးအတွက် တည်ဆောက်ပြုပြင်လျက်ရှိရာ ဇူလိုင် ၈ ရက်က ကောလင်း–ပင်လည်ဘူး–ဝန်းသိုသွားလမ်းမကြီးများကို မြေသားပြုပြင်ခြင်း၊ လမ်းပိုင်းလိုက် ချဲ့ထွင်ခြင်း၊ ကျောက်ချခြင်းနှင့် လမ်းဘေးဝဲယာ ချုံနွယ်များရှင်းလင်းခြင်းတို့ကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း ဆောင်ရွက်ကြသည်။

အဆိုပါ လမ်းပြုပြင်တည်ဆောက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြသည်။ **(၀၂၆)**

ဩဂုတ် ၇ရက်က မော်လမြိုင်ကျွန်း မြို့နယ် မြို့မ(၄) ရပ်ကွက် အောင်ဇေယျ လမ်းတစ်လျှောက် တွင် မြို့နယ် စည်ပင် သာယာ အမှုဆောင် အရာရှိ ဦးခိုင်ဇင်ဝင်း ဦးဆောင်၍ ဦးစီး အရာရှိ ဦးခင်မောင်မြင့်၊ တာဝန်ခံ အင် ဂျင် နီ ယာ ဦးခင်မောင်စိုး နှင့် ဝန်ထမ်းများက မြို့သန့် ရှင်း သာယာ လှပရေး အတွက်

ပန်းအလှပင်စုစုပေါင်း၁၀၀၀ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ဩဂုတ်၇ရက်က တောင်တွင်းကြီး မြို့ နယ် စည်ပင် သာ ယာ ရေး အ ဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်း၊ လ က် ထေ ာ က် အင် ဂျင် နီ ယာ ဦးအောင်ကြီးနှင့် အဖွဲ့ဝန်ထမ်းများ ဗိုလ်ချုပ်ပန်းခြံအတွင်း ပန်းအလှ

ပင် စိုက်ပျိုးခြင်း နှင့် ဘဲစားမြက်ခင်းများ ပြုစုပျိုးထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လမ်းရေပြွန်ချခြင်း ဆောင်ရွက်

မင်းလှ ဩဂုတ် ၅

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ဩဂုတ်၁ရက်က ရွာသားများနှင့်အတူ ဖောက်လုပ်သော ပေပင်တန်းနှင့် အုတ်တွင်း ပေါက်တောလမ်းတွင် ဂဝံခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ရေပြွန်ချခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့လက်ထောက်အင်ဂျင်နီယာ ဦးတင်လင်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဦးမြင့်အောင်တို့ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(က–ပ)

ဩဂုတ်၇ရက်က မြင်းခြံမြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးအောင်ကျော်ငြိမ်း၊ တာဝန်ခံအရာရှိ ဦးအောင်ချင်းနှင့် ဝန်ထမ်းများက စစ်ဆေးရေးမှူး–၄(အနေးယာဉ်)ဦးအောင်ညွန့်ဦးစီးသော မြို့ပေါ် အနေးယာဉ်များနှင့် ပူးပေါင်း၍ မြို့တွင်းလမ်းဘေးဝဲယာရှိ ချုံနွယ် မြက်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁၈–၈–၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (နွားနောက်မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ)
၁၁:၃၀ သောတရှင်အတွက် ပြန်ကြားချက်
၁၂:၀၀ မြန်မာမှုအထွေထွေ(မှတ်သားစရာစကားထာများ–ကနီဦးလူညွန့်)
၁၂:၂၅ သူ့အတွေးနဲ့သူ့အရေး(မှတ်သူများ–ဒေါက်တာမြင့်သန်း–ညောင်လေးပင်)
၁၃:၁၀ ယဉ်ကျေးမှုအနုပညာ(မြန်မာတို့၏ အိပ်မက်အယူအဆ–ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇:၃၀ အစာနှင့်အာဟာရ(ကန်ဖော့)
၁၇:၄၅ အဆို၊ အက၊ အရေး၊ အတီးဆုရ (ရန်ကုန်တိုင်းမှ မသူဇာသန့်ဇင်နှင့် ကချင်ပြည်နယ်မှ မခိုင်ဇာကြည်တို့၏ တယောလက်သံ)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)နက္ခတ်ကြည့်ရှုနည်းနှင့် ကြယ်ပုံပြင်များ (ပေါင်းတည်ဘုန်းကြည်) (၂)ဆုံးဖြတ်ချက်အမှားအမှန် (နေမျိုးထွန်း)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (နာဆာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော ထူးအိမ်သင်၏ အတ္တပုံဆောင်ခဲ တေးစီးရီး)

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ရေတာရှည်အထကတွင် ပညာပေးဟောပြော

ရေတာရှည် ဩဂုတ် ၁၄

ရေတာရှည်မြို့နယ် ပညာရေးနှင့်ကျန်းမာရေးဌာန ပူးပေါင်းဆောင်ရွက်သည့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ကျန်းမာရေးပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၃ရက် နံနက် ၁၀နာရီက ရေတာရှည် အထက်တန်းကျောင်း အောင်ဆန်းခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးသိန်းမြင့်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီး ဦးထွန်းနေအောင်နှင့်ကျန်းမာရေးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးဦးကျော်လှိုင်နှင့်အထက၊ အလက၊ ကျောင်းအုပ်ဆရာကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဟောပြော

ဟောပြောပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီးဦးထွန်းနေအောင်က ကျန်းမာရေးဆိုင်ရာ အသိပညာပေး ပြောကြားပြီး ဆရာဝန် ဦးမင်းဟန်က သွားနှင့်ခံတွင်း ကျန်းမာရေးအသိပညာပေး ဆွေးနွေးဟောပြောကြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးကျော်လှိုင်က ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကား ပြောကြားသည်။ **(က–ပ)**

မန္တလေးတိုင်း အမျိုးသမီး ကရာတေးဒိုအားကစားလက်ရွေးစင်အသင်း ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ဇူလိုင်၃၁ရက်က အုပ်ချုပ်သူနည်းပြတို့က တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုကို အပ်နှံရာ တိုင်းအားကစား အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးဦးစိုးညွှန့်က လက်ခံရယူစဉ်။ (က–ပ)



သံဖြူဇရပ်မြို့နယ် ပညာရေးမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

သံဖြူဇရပ် ဩဂုတ် ၁၂

သံဖြူဇရပ်မြို့နယ် ပညာရေးမိသားစုက ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲနှင့် ပညာရေးဌာနမှ သက်ပြည့် အငြိမ်းစားယူသော ဝန်ထမ်းများအား ပူဇော်ကန်တော့ပွဲနှင့် ထောက်ပံ့ပစ္စည်း ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၅ ရက်က မြို့နယ်ပညာရေးမှူးရုံးတွင် ကျင်းပသည်။

ရေးဦးစွာ အင်ကြင်းတောရ ကျောင်းတိုက်ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးအမှူးပြုသော ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ဆရာဆရာမများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးနှင့် ဆရာ ဆရာမများက သက်ပြည့်အငြိမ်းစားယူသွားသည့် မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းကြည်အား ကန်တော့ကြပြီး ဂုဏ်ပြုထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။ **(၁၆၈)**

နယ်လှည့်သာသနာပြု မှဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရ (၆၆)နှစ်မြောက်မွေးနေ့ ဝိဇာတအလှူတော်ကျင်းပမည်

ရွှေတောင် ဩဂုတ် ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် သမိုင်းဝင်ရွှေနတ်တောင်စေတီတော်မြတ်ကြီးအနီး ငါးဆူတောင် ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက နယ်လှည့်သာသနာပြု မှဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရ မထေရ်မြတ်ဆရာတော်၏(၆၆)နှစ်မြောက် ဝိဇာတအလှူတော် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၃၀ရက် (တနင်္လာနေ့) နံနက်၉နာရီတွင် မဟာမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်ပရဝဏ်အတွင်း၌ ကျင်းပမည်ဖြစ်သည်။

ဖူးမြော်ကြည်ညိုနိုင်

ဆရာတော်ကြီး၏ ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာပွဲတွင် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်းနှင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက် ဖူးမြော်ကြည်ညိုနိုင်ကြကြောင်း သိရသည်။ **(က-ပ)**



စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲမောင်တောခရိုင်၌ကျင်းပ

မောင်တော ဩဂုတ် ၁၀

မောင်တောခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပထမအကြိမ် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက်က မောင်တောမြို့ သီရိမင်္ဂလာခန်းမတွင်ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရန်မျိုးအောင်နှင့် ခရိုင်အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းစော၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်နှင့် မြို့နယ် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက မြို့ပေါ်ရှိပင့်သံဃာ၁၀ပါးတို့အား မြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်း ၇၁ကျောင်းအတွက် ဝါဆိုသင်္ကန်း ၁၀၈စုံကို စုပေါင်းဆက်ကပ် လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

နတ်မောက်မြို့နယ်တွင် ပန်းအလှပင်စိုက်ပျိုး

နတ်မောက် ဩဂုတ် ၁၂

နတ်မောက်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်း လမ်းဘေးဝဲယာတွင် ပန်းအလှပင်၊ အရိပ်ရပင်စိုက်ပျိုးခြင်းနှင့် တိုက်ကလမ်းဆုံတွင် ပန်းအလှပင်များဖြင့် ဆောင်ရွက်မှုတို့ကို ဩဂုတ် ၈ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကံချွန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးသက်တို့က ရှင်းလင်း တင်ပြကြကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

ဩဂုတ် ၂ ရက်က ဘုရားဖြူကျောင်းတိုက် တည်ဆောက်ဆဲဖြစ်သော သုံးထပ်ကျောင်းတော်ကြီးအတွက် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အား ကွယ်လွန်သူ ဦးစောထွန်း(ခ)ဦးသံလုံးအားရည်စူး၍ ဒေါ်မြင့်မြင့်စိုး၊ သားလေး မောင်ကျော်ဇင်လတ်၊ မောင်ဟိန်းထက်ဇော်မိသားစုတို့က အလှူငွေ ကျပ်၆၀၀၀၀၀ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

ဩဂုတ်၈ရက်က ဖျာပုံခရိုင် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုး ဘိုကလေးမြို့နယ် ပြည်သူ့ပန်းခြံအတွင်းပန်းအလှပင်စိုက်ပျိုးခြင်းနှင့် မြေခင်းအလှပြုပြင်ခြင်း လုပ်ငန်းများ ကြည့်ရှုစစ်ဆေးကြစဉ်။ (၁၅၈)

ဇူလိုင် ၂၅ရက်က တောင်ငူမြို့ အမှတ်(၂)ရပ်ကွက်အတွင်း လမ်းဘေးဝဲယာရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဟန်တင် ဦးဆောင်သော အဖွဲ့က ရပ်ကွက်ပြည်သူများ ရေမြောင်းတူးဖော်မှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဇူလိုင် ၂၄ ရက်က ကျိုက်ထိုမြို့နယ် အင်္ဂဘိုကျေးရွာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်စောလင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဩဂုတ်၁၁ရက်က ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုပြပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပရာ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးချစ်ကြည်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (က-ပ)

အလွတ်တန်းဘောလုံးပြိုင်ပွဲ သာပေါင်းမြို့တွင်ကျင်းပ

သာပေါင်း ဩဂုတ် ၁၁

သာပေါင်းမြို့၏ ၂၀၀၄ခုနှစ် အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ရက် ညနေ ၃နာရီက သာပေါင်းမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

လိုက်လံနှုတ်ဆက်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှသောင်းက အမှာစကားပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးဝင်းသိန်းနှင့် မြို့နယ်အားကစားအရာရှိ ဦးအောင်စိုးဝင်းတို့က ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။

ပြိုင်ပွဲကျင်းပ

ထို့နောက် ပြိုင်ပွဲကျင်းပရာ ကွင်းဖွင့်ပွဲအဖြစ် စက်ဒေါင့်ကြီးကျေးရွာနှင့် လက်ခုတ်ကျေးရွာတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်သုံးဂိုးစီဖြင့် သရေပွဲဖြစ်သွားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ပဲခူးမြို့၊ ဈေးပိုင်းရပ်၊ အမှတ်(၁၂၀)နေ
(ဦးမောင်မောင်–ဒေါ်လှကြည်) တို့၏သားထွေး
မောင်တင်မြင့်(ခ)နေဝင်း
B.Sc(Chem;) Dip in Elect;
Sony Electronic Store
နှင့်
ရန်ကုန်မြို့၊ သပြေကုန်းရပ်ကွက်၊ သုံးမြောင့်လမ်း၊ အမှတ်(၂၆)နေ
ဦးအောင်မင်း–ဒေါ်ခင်မြင့်တို့၏သမီးဦး
ဒေါက်တာလွင်အေးသက်
M.B., B.S (YGN)
(သရုပ်ပြ၊ ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်–(၂)၊ ရန်ကုန်)

တို့၏ ၈–၈–၂၀၀၄ရက်(တနင်္ဂနွေ)နေ့တွင် **Summit Parkview Hotel** ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်၍ မင်္ဂလာအောင်စပယ်ပန်းကုံး ချီးမြှင့်ပေးသော ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဦးသာလှရွှေနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်လေးမြင့်၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာတေးသံသာများဖြင့် ညှော်ခံဖျော်ဖြေပေးသော **The Aces** တေးဂီတအဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်ပြုပြင်ပေးသော ပွင့်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့် အဖွဲ့၊ **Summit Parkview Hotel** မှ **Kris** နှင့် ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

မောင်တင်မြင့်(ခ)နေဝင်း–ဒေါက်တာလွင်အေးသက်။

မွေးနေ့ မင်္ဂလာဆုတောင်း

၁၆–၈–၂၀၀၄ ရက်၌ ကျရောက်သော ချစ်ဇနီး ဆုမွန်(KS-Family)၏ မွေးနေ့မှသည် အသက်(၁၂၀)တိုင်အောင် ကျန်းမာချမ်းသာခြင်းနှင့် ပျော်ရွှင်ဖွယ်ကောင်းသော မွေးနေ့များစွာ ထာဝရ ပိုင်ဆိုင်ပါစေ။ **ချစ်ခင်ပွန်း ကိုနန္ဒ(KS-Family)**

တိုက်ခန်းငှားမည်

မြေညီထပ်၊ ၁၅ပေx၆၅ပေ၊ ကျိုက္ကဆံလမ်းမကြီးပေါ် ကျောက်မြောင်းဈေး မှတ်တိုင်ရှေ့ တာမွေ၊ ရန်ကုန်၊ (၂.၅)သိန်း ဖုန်း–၅၅၉၉၇၆။

EXCELLENT
ELECTRICAL ENGINEERING GROUP

* ရေခဲသေတ္တာ၊ လေအေးစက်၊ ကားလေအေးစက်မှစ၍ အအေးခန်းစနစ်များအတွက် ကျွမ်းကျင်သူအဖြစ်သင်တန်း။
* (၁၈–၈–၂၀၀၄) ရက်ဖွင့်မည်။

အမှတ် (၆၅)၊ မြေညီထပ်၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း – ၂၀၂၂၀၈ YMBA အနီး။

COLA အများသိစေရန်

ကျွန်တော်များ၏ No.1 Cola ကို ယခုအချိန်မှစ၍ အရည်အသွေး တိုးမြှင့်ရေးအစီအစဉ်အရ အောက်ပါတံဆိပ်အတိုင်း ဒီဇိုင်းအသစ်ဖြင့်ပြောင်းလဲဖြန့်ချိလိုက်ပါသည်။

အထက်ပါ အမှတ်တံဆိပ်ကို မှတ်ပုံတင်အမှတ်–၄/၄၅၂၇/၂၀၀၄ဖြင့် မှတ်ပုံတင်ပြီးဖြစ်ပါသည်။

ကျွန်တော်များ အချိုရည်ကို အစဉ်အမြဲအရည်အသွေးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ များပြားလာသော အားပေးသုံးစွဲသူ မိတ်ဆွေအပေါင်းအားလည်း ကျွန်တော်များက အထူးကျေးဇူးတင်ရှိပါသည်။

(Star Diamond International Co.,Ltd.)
အမှတ်–၁၆၂၊ အင်းယားလမ်း၊ (၆၄)ရပ်ကွက်
ဒဂုံတောင်၊ စက်မှုဇုန်(၂)၊ ရန်ကုန်မြို့။

ခြင် ခြင်တွေ အဝေးကိုပြေးဖို့ မားစ်ပါဝါသုံးကြစို့

မြန်မာဗီဒီယိုဇာတ်ကားဘ၄ကား ပြသခွင့်ရရှိ

မောင်ဆွေထွန်း

ရန်ကုန် ဩဂုတ် ၁၆

ယခုအပတ် ဩဂုတ် ၁၆ရက်နေ့တွင် ဖြန့်ချိပြသခွင့် ရရှိပြီးသော မြန်မာဗီဒီယိုဇာတ်ကား ၁၄ကားရှိသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဒါရိုက်တာ မောင်သူရရိုက်ကူးပြီး လူမင်း၊ ထွန်းအိန္ဒြာဗိုတို့ပါဝင်သော **“အိမ်ထောင်”**။ စိန်ငွေဗီဒီယိုမှ ဒါရိုက်တာ တင်သန်းဦးရိုက်ကူးပြီး ခန့်စည်သူ၊ ပပဝင်းခင်တို့ ပါဝင်သော **“မင်းသားမင်းသမီးဖြစ်ချင်သူများအတွက်”**။

မုန်းသင့်မှမုန်း

ဒါရိုက်တာ မောင် မောင် ဦး (စနိုးဝိုက်) ၏ မုန်းသင့်မှ မုန်း ဗီဒီယို ဇာတ်ကားမှ အိန္ဒြာကျော် ဇင် ၏ သဘာဝအလှ။

လပ်ကီးပလေ့ဗီဒီယိုမှ ဒါရိုက်တာ ကျော်ဇောလင်းရိုက်ကူးပြီး မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သော **“လက်သွက်တယ်”**။ လပ်ကီးဆဲဗင်းမှ မဏိရွှေစင်မှ ဒါရိုက်တာ မောင်နီလွင် (သပြု)ရိုက်ကူးပြီး ဝေဠုကျော်၊ ဆုပန်ထွာတို့ပါဝင်သော **“မချိုသော အသီး၊ မအေးသောစမ်းရေ”**။ ကျော်ကျော်ဦး ဗီဒီယိုမှ ဒါရိုက်တာ တင်ဝင်းလှိုင်ရိုက်ကူးပြီး နေလင်းဦး၊ ပိုးအိမောင်၊ ဝါဝါအောင်တို့ ပါဝင်သော **“မုန်းသူ့ရန်ဘက်”**။ ဝင်းဘုရားသားမှ ဒါရိုက်တာ ဘုန်းမျိုးကျော်ရိုက်ကူးပြီး ခင်လှိုင်၊ မန်းဝင်းနှင့် ဗေလုဝတို့ပါဝင်သော **“ပေါ်မင်းသား၏ ပေါ်ဝိညာဉ်”**။ စိုးမိုးဗီဒီယိုမှ ဒါရိုက်တာ မဟာရိုက်ကူးပြီး ကျော်ထူး၊ ချစ်စရာတို့ပါဝင်သော **“မှုန်ဝါးဝါး မချစ်နဲ့”**။ အောင်ဗီဒီယိုမှ ဒါရိုက်တာ အောင်ဆွေဆက် ရိုက်ကူးပြီး ရဲမင်းပိုင်၊ ဖြူဝင်းနှင့် နှင်းနုတို့ ပါဝင်သော **“ရဲရင်ယှဉ်လိုက်”**။ ရန်အောင်ထွန်း ဗီဒီယိုမှ ဒါရိုက်တာ ဇဟိန်းသန်း ရိုက်ကူးပြီး ကျော်ဇောဟိန်း၊ ဆုလဒ်နှင့် သန္တာထက်တို့ပါဝင်သော **“မိုက်တဲ့သူတို့သွားရာလမ်း”**။ မင်းသူအောင် ဗီဒီယိုမှ ဒါရိုက်တာ လင်းထက်ရိုက်ကူးပြီး စိုင်းသီဟ၊ နော်ဓာလှိုင်တို့ပါဝင်သော **“မိုက်မှောင်ကျတဲ့ည”**။ ကျော်ဗီဒီယိုမှ ဒါရိုက်တာ သန်းဇော်(စန္ဒရား)ရိုက်ကူးပြီး ဆုပန်ထွာ၊ ကုသိုလ်နှင့် ကျော်ထူးတို့ ပါဝင်သော **“ရွှေမြန်မာအငြိမ့် (၇)”**။ မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ ဒေါနရိုက်ကူးပြီး နေထက်လင်း၊ မျိုးစန္ဒီကျော်တို့ပါဝင်သော **“နောင်အင်းလေးမှာစောင့်နေမယ်”**။ ရွှေငယ်ငယ်ဗီဒီယိုမှ ဒါရိုက်တာ ကုသိုလ်ရိုက်ကူးပြီး ဇာနည်၊ ဆုပန်ထွာတို့ပါဝင်သော **“ယုံအောင်ပြော”**။ ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာ စန္ဒာအောင်သိန်းရိုက်ကူးပြီး နေမျိုးအောင်၊ နှင်းဝတ်ရည်သောင်းနှင့် အောင်ပိုင်တို့ ပါဝင်သော**“သူ့နာမည်နှင်းဆီ”** ဇာတ်ကားများ ဖြန့်ချိခွင့်ရရှိပြီး မကြာမီကြည့်ရှုကြရမည်ဖြစ်သည်။**(မြန်မာ့အလင်း)**

အိမ်ထောင် ဗီဒီယိုဇာတ်ကားမှ လူမင်းနှင့် ထွန်းအိန္ဒြာဗိုတို့၏ သရုပ်ဆောင်ဟန်။

ကြောင်ကမ္ဘာ ဗီဒီယိုမှ သူ့နာမည် နှင်းဆီ ဇာတ်ကားတွင် သရုပ် ဆောင် နေမျိုးအောင်နှင့် နှင်း ဝတ် ရည် သောင်း။

လူငယ်ဘဝရည်ရွယ် မုန်းသင့်မှမုန်း ဖြန့်ချိမည်

ရန်ကုန် ဩဂုတ် ၁၆

လူငယ်များဘဝကို ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုးစားအားထုတ်ရန် ဦးတည်ချက်ဖြင့်ရိုက်ကူးထားသော စနိုးဝိုက်ရုပ်ရှင်ဗီဒီယိုမှ ဒါရိုက်တာ မောင်မောင်ဦး၏ “မုန်းသင့်မှမုန်း” ဗီဒီယိုဇာတ်ကားမှာ ပြသခွင့်ရရှိပြီး မကြာမီဖြန့်ချိရန် စီစဉ်လျက်ရှိသည်။

ပြင်ဦးလွင် အလှအပရှုခင်းများကို နောက်ခံထားကာ နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။ (မြန်မာ့အလင်း)

အမည်ပြောင်း

ကြည့်မြင်တိုင်ပန်းလှိုင်အိမ်ရာနေ ဦးသက်နိုင်၏သား အထက(၃) ဒဂုံသတ္တမတန်း(A)မှ မောင်ဖူးဇင်မောင်အား ယနေ့မှစ၍ မောင်နေဦးလွင်ဟုပြောင်းလဲခေါ်ပါရန်။

မောင်နေဦးလွင်။

လူပျောက်ကြော်ငြာ

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် (၁၀)ရပ်ကွက် ဗဟိုစည် အိမ်ရာ တိုက်၃၉၊အခန်း ၂၀နေ ဦးထွန်းစိန်၏သမီး မခင်သော်တာလှိုင် အသက်(၁၂)နှစ်သည် ၁၂–၈–၂၀၀၄ ရက်တွင် နေအိမ်မှ ကျောင်းသို့အသွား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိလျှင် အကြောင်းကြားသတင်း ပေးပို့ကြပါ။ **တိုက် ၃၉၊ အခန်း(၂၀)၊ ဗဟိုစည်အိမ်ရာ။**

၃၁–၇–၂၀၀၄ ခုနှစ် ကြေးမုံသတင်းစာ၏စာမျက်နှာ(၁၇)ပါ ဒေါ်တင်တင်ဝင်း [၁၂/မဂတ(နိုင်)၀၃၇၁၁၈]နှင့် အများသိစေရန်ကြေညာချက်အပေါ်ဦးတင်ဝင်း(ကောက်တဲ့)နှင့် အများသိစေရန်ပြန်လည်အသိပေးကြေညာချက်

ရန်ကုန်တိုင်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ချမ်းသာလမ်း၊အမှတ်(၃)နေ ဒေါ်တင်တင်ဝင်း ၁၂/မဂတ(နိုင်)၀၃၇၁၁၈ ၏ညွှန်ကြားချက်များအရ ပြန်လည်အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဝင်းသည် ဦးတင်ဝင်း (ကောက်တဲ့)၏ ကြေညာချက်သည် မှန်ကန်မှုမရှိသည့်အတွက် ဦးတင်ဝင်း (ကောက်တဲ့) တင်ပြသောပစ္စည်းများသည် ဦးတင်ဝင်း(ကောက်တဲ့)နှင့် လုံး၀ (လုံး၀) မသက်ဆိုင်ကြောင်း ပြန်လည်အသိပေး ကြေညာအပ်ပါသည်။

ဒေါ်တင်တင်ဝင်း ၁၂/မဂတ(နိုင်)၀၃၇၁၁၈ ၏လွှဲအပ်ညွှန်ကြားချက်အရ –

ဦးမြင့်အောင်(အယ်လ်အယ်လ်ဘီ)၊ တရားရုံးချုပ်ရှေ့နေ
အမှတ်(၂၄)၊ပိတောက်လမ်း၊တပ်မြေ၊
အမှတ်(၆)ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
တနင်္သာရီတိုင်းတရားရုံး(မြိတ်မြို့)
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ်(၃)

ဘဏ်ခွဲမန်နေဂျာ	**နှင့်**	၁။ ဦးအောင်ရ
အာရှနေဘဏ်လီမိတက်		၂။ ဒေါ်စိန်သန်း
မြိတ်ဘဏ်ခွဲ၊ မြိတ်မြို့။		
(ဒီကရီရရှိသူ)		**(တရားရှုံးများ)**

တနင်္သာရီတိုင်းတရားရုံး(မြိတ်မြို့)၊ ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ်(၄)တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက် (၁၃၆၆ ခုနှစ် တော်သလင်းလဆုတ် ၂ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်းများ

၁။ မြိတ်မြို့၊ ရေပုန်းရပ်ကွက်နယ်မြေ၊ ကြံတောရပ်၊ ဗန္ဓုလလမ်း၊ အမှတ် ၅၅ တွင်တည်ရှိသည့် မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု မည်ကလွင်၊ ကွင်းအမှတ်နှင့် အမည် ၂၄၂(ခ) ရေပုန်း၊ ၁၉၉၉–၂၀၀၀ ခုနှစ် ဦးပိုင်အမှတ် ခ/၁၀၊ မြေချိန် ဧရိယာ ၀ ဒသမ ၂၃ ဧကရှိ ဘိုးဘွားပိုင် အိမ်ရာမြေကွက်တစ်ကွက်နှင့်–

၂။ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ၁၉၉၉–၂၀၀၀ခုနှစ် ပထမ ခြောက်လအတွက် ဘီလ် အမှတ်–၁၀၅၈၊ ဗန္ဓုလလမ်း၊ ရေပုန်းရပ်၊ ၂၄ ပေX၄၇ ပေရှိ မြေညီထပ်၊ ကွန်ကရစ်ခင်း၊ အပေါ်ထပ်–လျှာထိုး ပျဉ်ခင်း+အနောက်ပိုင်း အာစီကြမ်းခင်း၊ အုတ်ကာ–အာစီတိုင်၊ ကျောက်ပြားမျက်နှာကြက်၊ သွပ်မိုးထားသည့် နှစ်ထပ်တိုက် အိမ်တစ်ဆောင်။

၃။ ယင်းနှစ်ထပ်တိုက်အိမ်နှင့် တွဲလျက် ဆောက်လုပ်ထားသည့် ၂၆ ပေX၆၅ ပေရှိ ကွန်ကရစ်ခင်း၊ အောက်ခြေပိုင်း အုတ်ကာနံရံ၊ အပေါ်ပိုင်း သံဆန်ကာကွက်နံရံ၊ ပထမအထပ် လျှာထိုးပျဉ်ခင်း၊ လျှာထိုးပျဉ်ကာနံရံ၊ သွပ်မိုး၊ အနောက်ပိုင်းအုတ်ကြွပ်မိုး အလုပ်ရုံအဆောက်အအုံတစ်ခု။

စုစုပေါင်းလေလံကြမ်းခင်းဈေး ကျပ် ၃၃၆၀၀၀၀၀
(ကျပ်သုံးရာသုံးဆယ်ခြောက်သိန်းတိတိ)

ရောင်းချရန် စည်းကမ်းချက်

၁။ စာရင်းတွင် ဖော်ပြပါရှိထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်း မဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၄။ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်ဝင်း
တိုင်းတရားသူကြီး
တနင်္သာရီတိုင်းတရားရုံး၊ မြိတ်မြို့။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဒေါ်စိန်နု(မောင်တော)
အသက်(၈၁)နှစ် ၁၇–၇–၂၀၀၄၊ ၁၇–၈–၂၀၀၄

မိခင်ကြီး ကွယ်လွန်ခဲ့သည်မှာ တစ်လပြည့်ခဲ့သော်လည်း မိခင်၏ ကျေးဇူးတရားများကို သတိရအောက်မေ့ဆဲဖြစ်ပါသည်။ မိခင်ကြီးအား ရည်စူး၍ မြောက်ဥက္ကလာပမြို့နယ် ဇေယျာသီဂီကျောင်း ဘုရားခန်းတစ်ခန်းလှူဒါန်းခဲ့ပါ၍ ဤကုသိုလ်ကောင်းမှုကို သာဓုခေါ်ဆိုနိုင်ပါစေ။

အမည်ဖြည့်စွက်ခြင်း

ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ် အမှတ် ၁၂၆နေ ဦးမြသော်၏ သား ၁/တနန(နိုင်)၀၀၈၂၀၄ အား ဒဂုံတက္ကသိုလ် စာဖြေဌာန UDEမှ ၃/သ ၇၈၁ မောင်နိုင်စိုးအား မောင်နိုင်စိုး (ခ) သော်နိုင်ထွဋ် ဟု ဖြည့်စွက်ခေါ်ပါရန်။

မောင်နိုင်စိုး(ခ) သော်နိုင်ထွဋ်။

(၉)နှစ်မြောက်
ချစ်သမီးလေး ဆောင်းနှင်းပွင့်အောင်ဇင်သို့
၁၇–၈–၁၉၉၅

ရင်နှင့်မမျှအောင် သိပ်ချစ်ရတဲ့ တစ်ဦးတည်းသမီးလေး မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း ဖေဖေ–မေမေတို့ရဲ့ အရိပ်အာဝါသအောက်က ပျောက်ကွယ်သွားရပါသော်လည်း ဘဝအဆက်ဆက်တိုင်း ချစ်သမီးလေးနဲ့ ပြန်လည်ဆုံတွေ့ပါရစေ။

ဖေဖေ ဦးအောင်ဇင်–မေမေ ဒေါ်ဝင်းကြည်၊ ကိုကြီး မြတ်သူရအောင်ဇင်။

(၅)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
ဗိုလ်မှူးကြီးလူမော်(ငြိမ်း)
ကာကွယ်ရေးဝန်ကြီးဌာနလေ့ကျင့်ရေးညွှန်ကြားရေးမှူး(ငြိမ်း)

အနန္တကျေးဇူးရှင် ဖခင်ကြီးကွယ်လွန်သွားခဲ့သည်မှာ ၁၇–၈–၂၀၀၄ ရက်နေ့တွင် (၅)နှစ်ပြည့်ခဲ့ပါပြီ။ ဖေဖေ့အား ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုသမျှ ကုသိုလ်ကောင်းမှု အစုစုကို ရောက်ရာဘုံဌာနမှ သာဓုခေါ်နိုင်ပါစေ။

ချစ်ဇနီး–ဒေါ်ခင်ခင်နှင့်သားသမီးမြေးတစ်စု။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ပွင့်စိန်ဦး

(ပုဏ္ဏားကျွန်း–ယိုးတရုတ်၊ စစ်တွေ)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၆(A)၊ သုနန္ဒာလမ်းမကြီး၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးထွန်းအောင်ခိုင်)၏ဇနီး၊ ဦးသိန်းဦး(ဥက္ကဋ္ဌ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ဥက္ကဋ္ဌ ACE Data Systems Ltd.)–ဒေါ်သန်းသန်းတင့်တို့၏မိခင်၊ Dr.စောယုသန္တာ(အလုပ်သင်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မောင်ဇော်မိုးသန့်(ACE Data Systems)၊ မစုမြတ်သန္တာ(IX -B, TTC)တို့၏အဘွား၊ ဦးအေးထွန်း–ဒေါ်မြမြကြည်၊ ဒေါ်လုသန္တာ–ဦးစောမောင်၊ ဒေါ်မသိန်း– ဦးစံသိန်းအောင်၊ ဦးစံလှမောင်၊ ဒေါ်စိန်ကျော့–ဦးကျော်ညွှန့်တို့၏အစ်မသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၁၅–၈–၂၀၀၄ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ပွင့်စိန်ဦး

(ပုဏ္ဏားကျွန်း–ယိုးတရုတ်၊ စစ်တွေ)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၆(A)၊ သုနန္ဒာလမ်းမကြီး၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးထွန်းအောင်ခိုင်)၏ဇနီး၊ ဦးသိန်းဦး(ဥက္ကဋ္ဌ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ဥက္ကဋ္ဌ ACE Data Systems Ltd.)–ဒေါ်သန်းသန်းတင့်၏မိခင် ဒေါ်ပွင့်စိန်ဦးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၁၅–၈–၂၀၀၄ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

e.M.B.A I & II

ဒေါ်သောင်းသောင်းဦး (တန့်ဆည်)

(အလယ်တန်းပြဆရာမကြီး၊ငြိမ်း)

အသက်(၆၅)နှစ်

[ဦးညီ(အငြိမ်းစားနယ်ပိုင်ကြီး)–ဒေါ်ခင်ပု]တို့၏သမီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ပယင်းလမ်း၊ အမှတ် ၉၃/၃ နေ ဦးဌေးလှ(မြို့နယ်ပညာရေးမှူး၊ငြိမ်း)၏ဇနီး၊ ဦးအောင်နေမျိုး (လက်ထောက်ကထိက၊ မြန်မာစာဌာန)၊ ဦးအောင်နေစိုး–ဒေါ်ဥမ္မာသိန်း၊ ဗိုလ်မှူးအောင်နေထွန်း (စာတည်းမှူး၊ မြဝတီစာပေတိုက်)–ဒေါ်နှင်းနှင်းခိုင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၄–၈–၂၀၀၄ ရက် ညနေ ၁၈း၁၁ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)အအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများ သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းသောင်းဦး (တန့်ဆည်)

(အလယ်တန်းပြဆရာမကြီး၊ငြိမ်း)

အသက်(၆၅)နှစ်

[ဦးညီ(အငြိမ်းစားနယ်ပိုင်ကြီး)–ဒေါ်ခင်ပု]တို့၏သမီး၊(ဒေါက်တာမြင့်ဆွေ အငြိမ်းစား၊ ခရိုင်ဆရာဝန်ကြီး)–ဒေါ်ခင်မမ၊ ဒေါ်သန်းသန်းဌေး(အငြိမ်းစား အထက်တန်းပြဆရာမ)–ဦးမြင့်မောင် (အထက်တန်းကျောင်းအုပ်ကြီး၊ ငြိမ်း)၊ (ဦးမြင့်မောင်၊ မြို့နယ်သမမန်နေဂျာ)–ဒေါ်မြင့်မြင့်သောင်း၊ ဒေါ်ခင်မေတင်(ပို့/ဆက်၊ ပြည်မြို့)–ဦးခင်ဇော်၊ ဒေါ်ခင်မေမြင့်(အလယ်တန်းပြ)–ဦးစန်းဝင်းဦး (အကြီးတန်းအင်ဂျင်နီယာ)၊ ဒေါ်ခင်မိမိထွေး (ဥပဒေအရာရှိ၊ အိုးအိမ်ဦးစီး)–ဦးကျော်မင်းတို့၏အစ်မ၊ တူ တူမ ၁၄ ယောက်တို့၏ဒေါ်ကြီးသည် ၁၄–၈–၂၀၀၄ရက် ညနေ ၁၈း၁၁ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၌ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)အအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများ သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်း ဒါယကာ

ဦးအော်က(ခ)တန်ကုတ်ကျိန်း

အသက်(၇၈)နှစ်

ဒေါ်ဖွေးဖွေး(ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏ဖခင်သည် ၁၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ ဆရာမများ၊
ဓာတုဗေဒဌာန၊ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

ဗိုလ်ကြီးစစ်နိုင် (ငြိမ်း)

B.Sc. (Engg:) Civil

အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးပန်းစိန်–ဒေါ်ဖွားမြိုင်)တို့၏သား၊ ရန်ကုန်မြို့၊အနောက်ပိုင်း၊ လမ်းမတော်ရပ်နေ (ဦးစိုင်လုံ–ဒေါ်အမာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၁၄၊ မြရတနာခြံ၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်းနေ ဒေါ်မြမြဝေ(မြ)၏ခင်ပွန်း၊ ဦးမြင့်လှ(DCPT၊ ငြိမ်း)–ဒေါ်ခင်ပို (MPF)၊ ဦးသိန်းလွင်(ကုန်သွယ်၊ ငြိမ်း)–ဒေါ်စန်းစန်းမြင့် (ကုန်သွယ်၊ ငြိမ်း)၊ (ဦးလှမြင့်–ဒေါ်စိန်စိန်ရီ)တို့၏ညီ/မောင်၊ ဦးသန့်စင် (ဒုပါမောက္ခချုပ်၊ ငြိမ်း၊ ယဉ်ကျေးမှုတက္ကသိုလ်)–(ဒေါ်ဖြူမြင့်ဝေ–ဒိုင်အို)၊ ဦးသိန်းထွန်း(ဦးစီးအရာရှိ၊ ဘဏ္ဍာရေး၊ ဆောက်လုပ်ရေး၊ငြိမ်း)–ဒေါ်ဖြူသက်ဝေ (Golden Queen Mart)၊ ဒုတိယဗိုလ်မှူးကြီးသိန်းနိုင် (ငြိမ်း)–ဒေါ်ဖြူလေးဝေ၊ ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)–ဒေါ်စန်းစန်းဝေ၊ ဒေါ်သက်ထားဝေတို့၏ အစ်ကိုသည် ရန်ကုန်ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီးတွင် ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၅ နာရီ၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဦးရင်ကြူဆန်း (ခန္တီး)

အသက်(၈၅)နှစ်

ခန္တီးမြို့၊ မြို့မရပ်နေ ဦးဖူးစိန်–ဒေါ်အေးမြင့်၊ မန္တလေးမြို့၊ ရန်မျိုးလုံရပ်နေ ဦးသန်းစိန်–ဒေါ်တင်တင်အေး၊ မဟာမြိုင်အပိုင်း(၁)နေ ဦးစိုင်းပမ်းအောင်–ဒေါ်မြင့်မြင့်သိန်း၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်နေ ဦးမြင့်အောင်–ဒေါ်လှလှသိန်း၊ မန္တလေးမြို့၊ မဟာမြိုင်အပိုင်း(၁)နေ ဦးမြင့်အောင်–ဒေါ်မိမိထွေးတို့၏ဖခင်၊ မြေး ၂၁ ယောက်တို့၏အဘိုး၊ မန္တလေးမြို့၊ ရန်မျိုးလုံရပ်၊ အကွက် ၇၄၉၊ စပါယ်လမ်းသွယ်နေ [ဒေါ်သန်းမေ (ခ) ဒေါ်ဝမ်တာမြိုင်]၏ခင်ပွန်းသည် ၁၅–၈–၂၀၀၄ရက် မွန်းလွဲ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၈–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်(ယူနန်)နိဗ္ဗာန်ကုန်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မောင်မင်းမင်းထွန်း(ခ) အောင်ချစ်ပိုင်

အသက်(၃၀)

ရန်ကုန်မြို့၊ ဗဟန်း၊ အမှတ် ၄၃နေ ဦးစောမောင်–(ဒေါ်ရွှေကြည်) (အောင်သဒ္ဓိ စိတ်ပုတီးပန်းပု)တို့၏မြေး၊ဒေါ်တင်တင်ရီ၊ အမှတ် ၆၇၊ စံပယ်မြိုင်ခြံနေ သားဦးသက်နိုင်(ခ)မောင်သန်းဝင်း၊ ဒေါ်စန်းစန်းသိန်းတို့၏ညီ/မောင်သည် ၁၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးဝန် (မင်းသုဝဏ်)

မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ (၁၉၆၆–၆၇)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဆရာဦးဝန်(မင်းသုဝဏ်)သည် ၁၅–၈–၂၀၀၄ရက် နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗဟိုအမှုဆောင်ကော်မတီ
မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့။

ဦးဝန် (မင်းသုဝဏ်)

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၊ ထွန်းလင်းရိပ်သာ၊ ကမာရွတ်မြို့နယ်နေ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ ဦးဉာဏ်စိုး–ဒေါ်တင်မမ၊ ဦးထင်ကျော်–ဒေါ်စုစုလွင်၊ ဒေါ်ထားချို–ဦးကျော်ဘုန်းမြင့်တို့၏ဖခင်၊ (ဒေါ်တင်နု)၏မောင်၊ (ဦးထွန်းကြည်)၊ ဒေါ်ရင်နု(နုယဉ်)–[ဦးအုန်းဖေ(ခ)တက်တိုး]တို့၏အစ်ကိုသည် ၁၅–၈–၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၃၀ နာရီတွင် နေအိမ်(သပြေညို)၌ ကွယ်လွန်သွားပါ၍ ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝန် (မင်းသုဝဏ်)

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၊ ထွန်းလင်းရိပ်သာ၊ ကမာရွတ်မြို့နယ်နေ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ မတင်အေးစိုး၊ ကိုနေမျိုးထက်၊ ဒေါက်တာမင်းဝဏ်–ဒေါက်တာမင်းမင်းမြင့်သူ၊ ကိုတင်အောင်စိုး(ခေတ္တ–စင်ကာပူ)၊ ကိုသုဝဏ် (ခေတ္တ–စင်ကာပူ)၊ ကိုတင်ကျော်စိုး၊ မအေးနှင်းဝဏ်တို့၏အဘိုး၊ လင်းနန္ဒာထက်၊ ဖြိုးအာသာထက်တို့၏ဘေးသည် ၁၅–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၃၀ နာရီတွင် နေအိမ်(သပြေညို)၌ ကွယ်လွန်သွားပါ၍ ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမြေးမြစ်များ။

ဗိုလ်ကြီးစစ်နိုင် (ငြိမ်း)

B.Sc (Engg:) (Civil)

အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးပန်းစိန်–ဒေါ်ဖွားမြိုင်)တို့၏သား၊ ရန်ကုန်မြို့၊ အနောက်ပိုင်း၊ လမ်းမတော်ရပ်နေ (ဦးစိုင်လုံ–ဒေါ်အမာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၁၄၊ မြရတနာခြံ၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်းနေ ဒေါ်မြမြဝေ(မြ)၏ခင်ပွန်း၊ မနန္ဒာလေးနိုင်–ကိုမျိုးမင်းဦး(Mariner Shipping)၊ မကေသီလေးနိုင်(Director-Man Int'l Co.,Ltd,Happy Store)–ကိုမောင်မောင်သိုး(Director-Man Int'l Co.,Ltd.)၊ မပပလေးနိုင် (Diethelm & Co., Ltd.)၊ မောင်နိုင်ရဲခေါင် [Yakiniku Daidomon (Pte.) Ltd.,(Singaproe)-Chong Wai Lee(Singapore)]တို့၏ဖခင်၊ မပွင့်ကေသီမောင်မောင်(1st Year Computer, SAE Multimedia)၊ မောင်ရန်နိုင်ဦး(ပထမတန်း–ဂ၊ အထက–၂၊ကမာရွတ်)တို့၏အဘိုးသည် ရန်ကုန်ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီးတွင် ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ဝင်းကျော်

(သရုပ်ပြဓာတုအင်ဂျင်နီယာဌာန၊ရန်ကုန်နည်းပညာတက္ကသိုလ်)

အသက်(၃၉)နှစ်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဝင်းဖလကျေးရွာနေ ဦးပေါ်ဟ–ဒေါ်ကြာဖေတို့၏သား၊ ဦးစိုးမောင်–ဒေါ်ကျင်ရီတို့၏သားသမက်၊ ဒေါ်နန်းရွှေလင်း၊ ဒေါ်နန်းလင်းအောင်၊ ဦးစောစိုးသိန်းဦးတို့၏ညီ/မောင်၊ စောသန်းငွေ(ခ)ကိုမှူး–မဆယ်ပြားတို့၏အစ်ကို၊ ဒေါ်အေးသီရီ၏ခင်ပွန်း၊ မထက်ထက်ရတနာ၏ဖခင်သည် ၁၆–၈–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဇီဝကဆောင်၊ လှိုင်တက္ကသိုလ်နယ်မြေမှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်လှိုင်(ခ) ဒေါ်ခွေးမ (ရှားခဲ)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ် ၂၄၉ နေ (ဦးကျော်ဟုတ်–ဒေါ်ကျင်ယုံ)တို့၏သမီး၊ (ဦးခဲချောင်း)၊ (ဦးခွေးပု)၊ (ဦးခဲမှိန်)၊ (ဦးခဲရှိန်)တို့၏ညီမ၊ ဦးတင်ရှိန်၏အစ်မသည် ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့)၌ ကွယ်လွန်သွားပါ၍ ၁၇–၈–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

မန်းဉာဏ်ဝင်း

အထက်တန်းပြဆရာ(ငြိမ်း)

အသက်(၇၂)နှစ်

ကျုံပျော်မြို့နယ်၊ ကံစုရွာနေ (မန်းကြာလှိုင်–ဒေါ်တု)တို့၏သားကြီး၊ အမှတ် ၅၁၈၊ မာဃ ၁၃ လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ကစ်တီ၏ခင်ပွန်း၊ နန့်သန္တာဝင်း၊ နန့်စိုးစိုးဝင်း–မန်းစတာလင်ဇော၊ နန့်သက်သက်ဝင်း၊ နန့်အေးအေးဝင်း–ကိုလင်းလင်း၊ စမျိုးသန့်ဝင်း–မိုင်ချယ်ရတီတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၅–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီးမီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြွယ်

(Mrs. W.A. Wallnutt)

အသက်(၈၃)နှစ်

(ဦးဖေဆိုင်–ဒေါ်ချိန်)တို့၏သမီး၊ (ဗိုလ်လှရီ)၏ညီမ၊ (Mr. W.A. Wallnutt)၏ဇနီး၊ ဦးစိုးပိုင်(Albert)၊ ဒေါ်ရီရီဝင်း(Julie)၊ ဦးချစ်ကိုကို (Michael)–ဒေါ်တင်တင်မြင့်၊ ဒေါ်ခိုင်ခိုင်စိုး၊ ဦးအောင်ကိုကို–ဒေါ်မြင့်မြင့်ထွဏ်းတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် တိုက်အမှတ် ၂၆၇၊ အခန်း၁၆နေအိမ်၌ ၁၆–၈–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၁၇–၈–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

မောင်ထွေးမင်းထွဋ်(ခ)ဖိုးထွေး

M.S. WALRUS (H.K)

အသက်(၂၉)နှစ်

မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘအိုလမ်းသွယ်၊ အမှတ် ၂၅/ခ နေ (ဦးတင်ထွဋ်)–ဒေါ်စန်းကြည်တို့၏သားထွေး၊ ကိုလှမင်းထွဋ်၊ မအေးအေးထွဋ်၊ မောင်ကျော်မင်းထွဋ်တို့၏ ညီ/မောင်သည် ၁၅–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့) ည ၇း၂၀နာရီ၌ နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီ၌ ထိန်ပင်ခန်းမတွင် ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်ပါမည်။(ခဝဲခြံပိုးကရင်ဘုရားကျောင်းရှေ့မှကားများနံနက်၁၁း၁၅နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ထွေး (ဘုရားကြီးကုန်း၊ ချောင်းဆုံမြို့)

အသက်(၈၃)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ မန်စံမိုင်းမုကျေးရွာနေ(ဦးဘဇံ–ဒေါ်အောက်လွယ်ဟိန်းစိန်)တို့၏သမီး၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့၊ ဘုရားကြီးကုန်းကျေးရွာနေ (ဦးဘချစ်–ဒေါ်ကွန်မေ)တို့၏သမီးချွေးမ၊ (ဦးသစ်စိန်၊ ကျန်းမာရေးမှူး၊ငြိမ်း)၏ဇနီး၊ ဦးတိလောက(ဦးတင်အောင်မြင့်)–ဒေါ်စိန်ရင်၊ ဦးငွေခြည်–(ဒေါ်ဖြူဖြူဝင်း)၊ ဒေါက်တာခင်မောင်ညို–ဒေါ်ရင်ရင်တင်အုံး၊ ဦးလှဝင်း (မင်္ဂလာဒုံ)–ဒေါ်ခင်လေးဝါ၊ ဦးစိမ်းနွယ်–ဒေါ်မေဥမ္မာ၊ ဦးလှဝင်း(မင်္ဂလာဈေး)–ဒေါ်ခင်မိုးပြာတို့၏မိခင်၊ မြေး ၁၆ ယောက်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄ လမ်း၊ အိမ်အမှတ် ၄၂(သုံးထပ်)နေအိမ်တွင် ၁၄–၈–၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါ ၁၂၄လမ်း နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

ဦးလှမောင် (၉၉၉ ရှမ်းခေါက်ဆွဲဆိုင်)

အသက်(၇၉)နှစ်

နောင်ချိုမြို့၊ ဘူတာရပ်နေ(ဦးဖော့–ဒေါ်ကြင်ရွှေ)တို့၏သားထွေး၊ နမ့်ဆန်မြို့နေ (ဦးလောဝမ်–ဒေါ်ရှမ်းမန်း)တို့၏သားသမက်၊ နောင်ချိုမြို့နေ(ဦးစောမူ–ဒေါ်နှင်းရွှေ)တို့၏ညီ၊ (ဦးစိန်–ဒေါ်စက်ဖြင့်)၊ (ဦးရှိလှ)–ဒေါ်ခက်ခွင်တို့၏မောင်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၄လမ်း၊ အမှတ် ၁၃၀/B နေ ဒေါ်ခင်နှင်းဝေ၏ခင်ပွန်း၊ ကိုချစ်ဝင်း–မမေဝင်း၊ ကိုလှသောင်း–မလဲ့လဲ့ဝင်း၊ ကိုကျော်မင်း–မလှလှဝင်း၊ ကိုစောတိုးတိုး–မဒေလီဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၆–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ယူနန်ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (၃၄လမ်းနေအိမ်နှင့် အမှတ် ၈၃၊ ၉၂ လမ်းတို့မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှဦးမောင် B.A (Eco) (တောင်ကြီး)

ဒုဦးစီးမှူး၊ပြည်တွင်းအခွန်များဦးစီးဌာန

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်၊ ရဲရိပ်သာရပ်ကွက်၊ ဗိုလ်တထောင်ဘုရားဝန်ထမ်းလိုင်း(၁)၊ အခန်း ၁၀ နေ(ဦးမြသွင်)–ဒေါ်မြင့်မြင့်တို့၏သား၊ ဒေါ်ခင်တိုးမာ၊ ဦးကြည်ဇော်–ဒေါ်ခင်မျိုးမာ၊ ဦးတင်ထွန်းအောင်၊ ဦးမြသန်းအောင်တို့၏အစ်ကိုကြီးသည် ၁၆–၈–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၁၀း၁၅ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊တန်ဆောင်းဒါယကာကြီး

ဦးမောင်မောင်ခဆွေ(ခ) CARL

Managing Director, Integrate Marketing Ltd,
Vice President, Focus Energy Ltd.

အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၄/G၊ ပြည်သူ့လမ်း၊ ပြည်လမ်းနေ [ဦးမြင့်ဆွေ–ဒေါ်ညိုညို(ခ)ဒေါ်နယ်လီသိန်း]တို့၏သား၊ (ဗိုလ်မှူးကျော်စိုး–ဒေါ်ခင်စန်းမြင့်)တို့၏ သားသမက်၊ သီရိသုဓမ္မသိင်္ဂီဒေါ်အေးအေးစိုး(Director, YIEC)၏ခင်ပွန်း၊ မကေခိုင်ခ(ခ)Olivia Kha၊ မောင်အာကာခ(ခ)Raymond Kha တို့၏၏ဖခင်သည် ၁၆–၈–၂၀၀၄ရက် ညနေ ၄း၀၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၈–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မောင်သွင် (မိုင်းလုံ)

အသက်(၆၇)နှစ်

ပြင်ဦးလွင်မြို့၊ လဝန်းသော်တာဆောက်လုပ်ရေးမှ ဦးမိုးအောင်–ဒေါ်နန်းခင်နှင်းသီတို့၏ဖခင်၊ မောင်တိုးလဝန်းနှင့်မမိုးသော်တာတို့၏အဘိုး ဦးတင်မောင်သွင်(မိုင်းလုံ)သည် ၈–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုသွေး–မမဌေးမိသားစု
မမဂျိုး၊ သားသားနှင့် အိမွန်ခိုင်။

ရဟန်းဒါယကာကြီး

ဦးအောင်သိန်း (အေးမွန်ကျေးရွာ)

ကကဌေ(ငြိမ်း)

အသက်(၆၉)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ အေးမွန်ကျေးရွာနေ (ဦးနု–ဒေါ်စောရွှေ)တို့၏သား၊ ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ဂွေးပင်ချောင်ကျေးရွာနေ (ဦးသိန်း–ဒေါ်ကြည်)တို့၏သားသမက်၊ (ဦးချစ်လှိုင်–ဒေါ်သန်းကြည်)၊ (ဦးစိုးလှိုင်–ဒေါ်ကြင်စု)၊ ဒေါ်အုန်းကြည်တို့၏ညီ/မောင်၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၇၇၄ နေ ဒေါ်သန်းလှ၏ခင်ပွန်း၊ ဗိုလ်မှူးအောင်သူ – ဒေါ်မေသွယ်နိုင်၊ ကိုမြင့်စိုး–မမြတ်ချို၊ ဗိုလ်ကြီးသန်းထွန်းအောင်–မဇာခြည်ထွေး၊ ကိုကျော်ကျော်နိုင်–မကျော့ကေသီ၊ မောင်မင်းစိုးတို့၏ဖခင်၊ မအိမ့်ကေသီကျော်၊ မအေးခန့်ခန့်ခိုင်တို့၏အဘိုးသည် ၁၄–၈–၂၀၀၄ရက် (စနေနေ့) ညနေ ၆း၂၀ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာကြီး

ဦးဘသောင်း (မြိတ်)

အထက်တန်းလေယာဉ်မောင်(ငြိမ်း)

B.A.C

အသက်(၈၅)နှစ်

မြိတ်မြို့နေ(ဦးစိန်မြအုံ–ဒေါ်တင်ရွှေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးထွန်းလင်း–ဒေါ်ဖော့)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၄၁၊ ၈၈ လမ်း၊ ခြောက်လွှာ(ယာ)နေ ဒေါ်သန်းကြည်၏ခင်ပွန်း၊ဦးသောင်းထွန်း (ဆလရ၊ ပင်မအလုပ်ရုံ–တောင်ရှာမ)၊ ဦးမောင်မောင်–ဒေါ်ခင်သောင်းကြည်(B.A.C၊ ငြိမ်း)၊ ဦးဇော်ဝင်း–ဒေါ်ကြည်ကြည်သောင်း(စာရင်းစစ်မှူး၊ ခရမ်းမြို့နယ်)၊ ဦးဇော်ထွန်း၊ ဦးဇော်မင်း (သျှားသျှား)၊ဦးဇော်သောင်း(ဂျက်ကီ)–ဒေါ်သီတာ၊ ကိုဇော်တိုး၊ ဦးတင်လှိုင်–ဒေါ်ကြည်ကြည်မာ၊ (ကိုမောင်မောင်ဇော်)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည်၁၅–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၄း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကိုကိုကြီး

ယစ်မျိုးဝန်ထောက်(ငြိမ်း)၊ ပုသိမ်မြို့

အသက်(၉၄)နှစ်

ပုသိမ်မြို့နေ(ဦးဘသင်–ဒေါ်မှိ)တို့၏သား၊ ဒေါ်မြသောင်း၏မောင်၊ (ဦးကိုကိုလေး–ဒေါ်ကြင်ရှိန်)တို့၏အစ်ကို၊ (ဒေါ်ခင်ညွန့်၊ ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၁၇၊ ကုန်ဈေးတန်းလမ်းနေ ဦးချိုထွန်း(စီမံကိန်းမန်နေဂျာ၊ သာပေါင်း ပျော့ဖတ်စက်ရုံစီမံကိန်း)–ဒေါ်ခင်စောဝင်းတို့၏ဖခင်၊ မောင်ထက်ဇော်၊ မမေသန္တာ၊ မောင်ထက်ခိုင်ချိုတို့၏အဘိုးသည် ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ကျိုက်ထိုမြို့နယ်ရာသက်ပန်အသင်းဝင်

ဦးထွန်းတင်

အသက်(၈၇)နှစ်

ကျိုက်ထိုမြို့နယ်၊ဖက်ကလိပ်ကျေးရွာနေ(ဦးဘိုးဆောင်–ဒေါ်လန်း)တို့၏သား၊ ဦးမြသောင်း–ဒေါ်စန်းမြင့်၊ (ဦးသန်းရီ)–ဒေါ်စန်းချစ်၊ ဦးတင်အေး–(ဒေါ်မြင့်သန်း)၊ ဦးသိန်းအောင်–ဒေါ်နုနုရီ၊ ဒေါ်မြင့်မြင့်တိုး(အလက–၄၊အင်းစိန်)၊ ဦးခင်စိုး–ဒေါ်သန်းသန်းနု (အထက–၂၊ လှိုင်သာယာ)တို့၏ဖခင်၊ မြေး ၃၀၊ မြစ် ၁၉ ယောက်တို့၏အဘိုး၊ လှိုင်သာယာမြို့၊ (၁၁)ရပ်ကွက်၊ ခိုင်သဇင် လမ်း၊ အမှတ် ၂၁၅ (က)နေ (ဒေါ်သိန်းငွေ)၊ ဒေါ်တင်ရွှေတို့၏ ခင်ပွန်းသည် ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇–၈–၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တံတိုင်း၊

စက်ရေတွင်းဒါယိကာမကြီး

ဒေါ်ကျင်မြ(ခ)ဒေါ်စံမေ

ကြက်ဆူကျင်းကျေးရွာ၊ရေစကြိုမြို့

အသက်(၈၄)နှစ်

ရေစကြိုမြို့၊ ကြက်ဆူကျင်းကျေးရွာနေ (ဦးဘသန်း–ဒေါ်စောရင်)တို့၏ သမီး၊ ပြည်မြို့၊ အိမ်အမှတ် ၃/၂၄၊ ရွှေတချောင်းလမ်း၊ နဝင်းကွက်သစ်၊ နဝရတ်အိမ်ရာနေ ဒုတိယဗိုလ်မှူးကြီး သန်းထိုက်(ငြိမ်း)၏ဇနီး၊ ဦးကျော်ဆွေ–ဒေါ်ခင်ဒါလီဆွေဝင်း၊ ဗိုလ်မှူးကြီး ခင်မောင်လတ် – ဒေါ်သန်းသန်းဌေး၊ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်–ဒေါ်နုနုယဉ်၊ ဒေါ်ယုယုဌေး၊ ဦးတင့်အောင်–ဒေါ်တင်အေးဝင်း၊ ဗိုလ်မှူးအေးကိုကို–ဒေါက်တာကေခိုင်မျိုးတို့၏မိခင်၊မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၆–၈–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၃း၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကန်သာဦးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်(ခ)အန်ချီဘင်း

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ်၁၂၊ အင်းဝလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးအန်စီကွန်း–ဒေါ်ချူးဝေါ်)တို့၏ဒုတိယသား၊ ဗိုလ်မှူးအောင်သန်း (ငြိမ်း) – (ဒေါ်အုန်းမြင့်)တို့၏ သားသမက်၊ ဒေါ်ချိုချိုအောင်၏ခင်ပွန်း၊ ဦးကျော်အောင်–ဒေါ်ရီရီတို့၏ညီ၊ ဦးတင်အုန်း၊ ဦးမြင့်လွင်–ဒေါ်မိမိကျော်၊ ဦးလှမြင့်–ဒေါ်အေးအေးမွန်တို့၏အစ်ကို၊မချိုဇင်အောင်၊ မချိုဇင်လှဲ့၊ မောင်စည်သူဟိန်း (အထက–၃၊တာမွေ)တို့၏ဖခင်၊တူ တူမ ကိုးယောက်တို့၏ဦးလေးသည် ၁၆–၈–၂၀၀၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်း

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ တောင်ဘက် ၂ဒသမ၅ မိုင်အကွာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရဲနွယ်ချောင်းကိုပိတ်၍ Zone Type အလယ်ပိုင်း ရေလုံလွှာနှင့် ကျောက်ရောမြေသားတမံ အမျိုးအစားဖြစ်သည်။ (အောက်ပုံ)

ရေလှောင်တမံ အလျားပေ ၁၀၅၀၊ တမံအမြင့် ၂၅၁ ပေ (RL-345 ပေ)၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၂၁၂၆၀၀၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ဧက ၂၂၅၀ ရှိပြီး မြင်းခွာပုံသံကူကွန်ကရစ် ရေလွှဲဥမင်ဆောက်လုပ်ကာ Ogee ပုံစံ သံကူကွန်ကရစ် ရေပိုလွှဲဖြင့် အကျိုးပြုလယ်မြေဧရိယာ ဧက ၁၁၈၅၀၀ အတွက် ဆည်ရေပေးဝေနိုင်မည့် ရဲနွယ်ရေလှောင်တမံဘက်စုံ စီမံကိန်းကို ဩဂုတ်၁၂ရက်က ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။ (သတင်းမှတ်စုနှင့်ဓာတ်ပုံသိန်းဝင်းလေး (မြန်မာ့အလင်း))

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၇

၂၀၀၆ ခုနှစ် ဩဂုတ် ၁၇ ရက်၌ ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတမဒမ်မယ်ဂါဝတီ ဆိုကာနိုပူထရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

အေသင်အိုလံပစ် အားကစားပြိုင်ပွဲ တရုတ်နိုင်ငံ ဒိုင်ဗင်ရွှေတံဆိပ်ဆွတ်ခူး

အေသင် ဩဂုတ် ၁၆

အေသင်ရောက် တရုတ်နိုင်ငံ ဒိုင်ဗင်အဖွဲ့သည် တရုတ်နိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်နှစ်ခုကို ဆွတ်ခူးပေးလိုက်သည်။

တရုတ် ဒိုင်ဗင်မယ်များဖြစ်ကြသည့် ကျင်ကျင်းကိုး(ဝဲ)နှင့် မင်စီယာဂူတို့သည် ဂရိနိုင်ငံ အေသင်အိုလံပစ် ဒိုင်ဗင်ပြိုင်ပွဲတွင် အမျိုးသမီး သုံးမီတာ စပရင်ဘုတ်ဒိုင်ဗင် ပြိုင်ပွဲအပြီး ရွှေတံဆိပ်များနှင့်အတူ အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်ဒိုင်ဗင်မယ်များဖြစ်ကြသည့် ကျင်ကျင်းကိုးနှင့် မင်စီယာဂူတို့သည် အမျိုးသမီး သုံးမီတာ စပရင်ဘုတ်ဒိုင်ဗင်ပြိုင်ပွဲတွင် လွန်ခဲ့သောလေးနှစ်က ဆစ်ဒနီအိုလံပစ်ပြိုင်ပွဲ၌ အနိုင်ရခဲ့သူ ရုရှားမှ ယူလီယာ ပါဟာလီနာနှင့် ဗာရာအီလိုင်နာတို့အားကျော်ဖြတ်၍ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ကိုးနှင့် ဂူတို့သည် ၃၃၆ ဒသမ ၉၀ မှတ် ရရှိခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ●

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လိမ္မော်သီးကို နှာခေါင်းဖြင့်တွန်းပြီး ဂင်းနက်စ်စံချိန်ချိုး

နယူးယောက်မြို့တွင် အက်ရှ်ရီတာဖားမင်းဆိုသူသည် ဂင်းနက်စ်စံချိန်စာအုပ်၌ စာရင်းဝင်ထားသော တစ်မိုင်အကွာအဝေးသို့လိမ္မော်သီးတစ်လုံးအား နှာခေါင်းဖြင့် တွန်းသွားသည့် စံချိန်ကို ချိုးရန် ကြိုးစားခဲ့ရာ ၂၄မိနစ် ၃၆ စက္ကန့်ဖြင့် ချိုးနိုင်ခဲ့သည်။ (အပေါ်ပုံ)

(ဓာတ်ပုံ-အင်တာနက်)

တိုင်ရန်နိုဆောသတ္တဝါကြီး

လွန်ခဲ့သော နှစ် ၆၅သန်းခန့်က ဤကမ္ဘာမြေပေါ်တွင် တွားသွားသတ္တဝါကြီးများ ဖြစ်ကြသည့် တိုင်ရန်နိုဆောနှင့် ဒိုင်နိုဆောတို့၏ နေထိုင်သွားလာခဲ့ကြပုံများနှင့် သေဆုံးခဲ့ကြပုံများကို ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက လေ့လာခဲ့ကြသည်။(အောက်ပုံ) မှာ ချီကာဂိုမြို့ရှိ ဖီးလ်သဘာဝသမိုင်းပြတိုက်၌ မကြာသေးသော ဆယ်စုနှစ်များအတွင်း ရှာတွေ့ခဲ့သည့်ကျောက်ဖြစ်ရုပ်ကြွင်း တိုင်ရန်နိုဆောသတ္တဝါကြီး၏ အရိုးစုများဖြင့်ပြုလုပ်ပြီးစီးနေသောတိုင်ရန် နိုဆောသတ္တဝါကြီး၏ပုံကို လူအများကြည့်ရှုလေ့လာနေကြပုံဖြစ်သည်။

(ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ ဩဂုတ် ၂၀ ရက်၌စတင်မည် အုပ်စု(က)၌ မြန်မာ၊ အိန္ဒိယနှင့်ဗီယက်နမ်တို့ပါဝင်

သတင်းဆောင်းပါးကိုထွေး

ရန်ကုန် ဩဂုတ် ၁၆

၂၀၀၄ ခုနှစ် အယ်လ်ဂျီဖလား (LG Cup) ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ် လက်ရွေးစင်အသင်း၊ ဟိုချီမင်းလူငယ်အသင်းတို့နှင့်အတူ မြန်မာ၊ အိန္ဒိယ၊ မလေးရှားနှင့် တောင်ကိုရီးယားတက္ကသိုလ်ညွှန့်ပေါင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

17-8 (20).p65 1 03/25/1905, 5:39 PM